ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်၊ Established in 1957

**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 10 February 2021 ၁၀၂၈၄

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အုပ်ချုပ်ရေးကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အုပ်ချုပ်ရေးကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အုပ်ချုပ်ရေးကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့တို့၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰

## ကြေးမုံ ယနေ့ ဖတ်စရာ

နိုင်ငံအရေး တွေးဆဆင်ခြင် ရှုမြင်နိုင်ဖို့
ဆောင်းပါး စာမျက်နှာ » ၇

စားသုံးသူအကာအကွယ်ပေးရေး၊ ပြည်တွင်းကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်ကုန် လုံခြုံစိတ်ချမှုဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည့် အခမ်းအနား ကျင်းပ
စာမျက်နှာ » ၈



ကြေးမုံ

# စည်းလုံးခြင်းသည်ပြည်ထောင်စုခိုင်မြဲ

ပြည်ထောင်စုစိတ်ဓာတ် အခြေခံခိုင်မြဲအားကောင်းခဲ့သောကြောင့် တိုင်းရင်းသားလူမျိုးများအား အမျိုးမျိုးအဖုံဖုံ သွေးခွဲခဲ့သော်လည်း သွေးမကွဲဘဲ စည်းလုံးညီညွတ်ခဲ့ကြသည်။ တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုကို ပြည်ထောင်စု၏အမြုတေ ပင်လုံမြေတွင် အထင်အရှားပြသနိုင်သဖြင့် တောင်တန်း-ပြည်မ မခွဲခြားနိုင်တော့ဘဲ လုံးဝလွတ်လပ်သောနိုင်ငံအဖြစ်သို့ ရောက်ရှိလာခဲ့သည်။

ဆိုရပါလျှင် ပြည်ထောင်စုစိတ်ဓာတ် အခြေခံအားကောင်းသောကြောင့် ပြည်ထောင်စုကြီးတစ်ခုလုံး စစ်မှန်သောလွတ်လပ်ရေး ရရှိခဲ့ခြင်းဖြစ်သည်။ စစ်မှန်သည့်လွတ်လပ်သောနိုင်ငံအဖြစ် လွတ်လွတ်လပ်လပ် ရပ်တည်နေရသောဘဝကို လွယ်လွယ်ကူကူ ရရှိခဲ့ခြင်းမဟုတ်ပါ။ နှစ်ပေါင်းတစ်ရာကျော် အချိန်ကာလကြာရှည်စွာ မိမိတို့၏ဘိုးဘွားဘီဘင်များ၏ အသက်သွေးချွေးနှင့် ဘဝများစွာ ရင်းနှီးပေးဆပ်ခဲ့ရသည်။ မိမိတို့၏ စည်းစိမ်ဥစ္စာ၊ နိုင်ငံ၏ ရတနာများ အမြောက်အမြားဆုံးရှုံးခဲ့ရသည်။

ထိုသို့ရင်းနှီးပေးဆပ်ပြီး ပြည်ထောင်စုစိတ်ဓာတ် အခြေခံအားကောင်းသောကြောင့် လွတ်လပ်သောနိုင်ငံအဖြစ်ကို ရရှိပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။ လွတ်လပ်ရေးပြန်လည်ရရှိအောင် နှစ်ပေါင်းတစ်ရာကျော် ကြိုးပမ်းအားထုတ်ခဲ့ရသည်။ ခက်ခက်ခဲခဲ ရင်းနှီးပေးဆပ်ခဲ့ရသည်။ ကျားကုတ်ကျားခဲ ဖွဲ့နပဲနှင့် ရယူခဲ့ရသည်။ သို့သော် စည်းလုံးညီညွတ်မှုပြိုကွဲသောအခါ ခက်ခက်ခဲခဲရယူထားသော လွတ်လပ်ရေးသည် လွယ်လွယ်ကူကူ ဆုံးရှုံးသွားနိုင်သည်ကို သတိပြုရမည်။ ရက်ပိုင်းအတွင်း ဆုံးရှုံးသွားနိုင်သည်ကို သတိချပ်ရမည်။

စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီးကို ရှေးအစဉ်အဆက် ကျွန်ုပ်တို့၏ မျိုးဆက်ခေါင်းဆောင်များက တည်ဆောက်ခဲ့ကြသည်။ ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်ကြီးများကို ရာစုနှစ်များစွာကြာအောင် စုစည်းတည်ထောင်ခဲ့ကြသည်။ စတုတ္ထမြန်မာနိုင်ငံတော်ကြီးကို အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်မှုဖြင့် အမျိုးသားခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များက တိုင်းရင်းသားပြည်သူအားလုံးနှင့်အတူ စုစည်းတည်ဆောက်ခဲ့သည်။ သို့သော် စုစည်းတည်ဆောက်နိုင်မှုမှာ တာရှည်မခံ ယိမ်းယိမ်းယိုင်ယိုင်နှင့် မပြိုလဲအောင် ကျားကန်နေရသည်။

ပြည်ထောင်စုသားအချင်းချင်း အဆင်မပြေမှုများ မကြာခဏကြုံရသည်။ သဘောကွဲလွဲမှုများ မကြာခဏဖြစ်ရသည်။ ပဋိပက္ခများ ရံဖန်ရံခါဆုံတတ်သည်။ မတူကွဲပြားမှုများ ပေါင်းစည်းထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တည်တံ့ခိုင်မြဲအောင် စည်းလုံးညီညွတ်မှုကို ခက်ခက်ခဲခဲ တည်ဆောက်ရသည်။ ဤသို့ အဆင်မပြေမှုများကို ဆန်းစစ်ကြည့်မည်ဆိုလျှင် လွတ်လပ်ရေးရပြီးသည့်အချိန်မှစ၍ ပြည်ထောင်စုစိတ်ဓာတ် ထားရှိမှုအားနည်းလာသောကြောင့်ဟု ဆင်ခြင်ရမည်ဖြစ်သည်။

တန်းတူညီမျှ လွတ်လပ်ရေးရရှိစေမည့် ပြည်ထောင်စုစိတ်ဓာတ်ကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလတွင် တည်ဆောက်နိုင်ခဲ့သော်လည်း ၁၉၄၈ ခုနှစ် ဇန်နဝါရီလမှစ၍ ပြည်ထောင်စုစိတ်ဓာတ်များ ယိုင်နဲ့ပြိုပျက်လာခဲ့သည်။ အကျိုးဆက်မှာ ပြည်တွင်းမငြိမ်းချမ်းမှု၊ နိုင်ငံရေးမတည်ငြိမ်မှုများဖြစ်လာရသည်။ ထိုသို့ဖြစ်ရခြင်းမှာ ခံယူချက်၊ ယုံကြည်ချက် ကွဲပြားမှု၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲကြီးမားမှုကြောင့်ဖြစ်သည်။ တစ်နည်းဆိုလျှင် ပြည်ထောင်စုစိတ်ဓာတ် အားနည်းမှုကြောင့်ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်ကျည်မြဲမြံအောင်၊ အားကောင်းအောင် မွေးမြူကြရမည် ဖြစ်သည်။

ပြည်ထောင်စုစိတ်ဓာတ်သည် နိုင်ငံတော်၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ တစုတစည်းတည်း၊ တစည်းတလုံးတည်း စုစည်းနေထိုင်မည်ဟူသော စိတ်ဓာတ်ဖြစ်သည်။ အမိနိုင်ငံတော်ကြီးကို ချစ်ခင်မြတ်နိုးတန်ဖိုးထားပြီး တစ်စိတ်တစ်ဝမ်းတည်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်မြှင့်တင်ခြင်းဟူသည့် ဝံသာနုရက္ခိတတရားတွင် အခြေခံတည်ဆောက်ထားသည်။ ပြည်ထောင်စုစိတ်ဓာတ်သည် တိုင်းပြည်အတွက် အရေးကြီးသလို ပြည်ထောင်စုစိတ်ဓာတ် ခေါင်းပါးလာသည်နှင့် တိုင်းပြည်အတွက်၊ ပြည်ထောင်စုအတွက် အန္တရာယ်ကြီးမားလာသည်ကို သတိမူရမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် လွတ်လပ်သောနိုင်ငံ၊ စည်းလုံးညီညွတ်သော ပြည်ထောင်စုဘဝတွင် လွတ်လပ်စွာ နေထိုင်ကြရသဖြင့် မလွတ်လပ်သော နိုင်ငံဘဝ၊ ပြည်ထောင်စုပြိုကွဲသော နိုင်ငံဘဝများ၏ ဆိုးကျိုးများကို မခံစားကြရပေ။ ပြည်ထောင်စုပြိုကွဲသွားသော နိုင်ငံများ၏ဘဝသည် မည်မျှခါးသီးဖွယ်ကောင်းသည်၊ ပြည်သူများ ဒုက္ခဆင်းရဲ မည်မျှကြီးမားစွာ ကျရောက်ခဲ့သည်တို့ကို ကမ္ဘာ့နိုင်ငံများ၏ ဖြစ်စဉ်များကိုလေ့လာ၍ နမူနာယူနိုင်သည်။ ထို့ကြောင့် ပြည်ထောင်စုမပြိုကွဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုစိတ်ဓာတ် ခိုင်ကျည်မြဲမြံမှုကြောင့် ပြည်ထောင်စုတိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံမြေတွင် အခိုင်အမာသက်သေပြနိုင်သကဲ့သို့ မျက်မှောက်ကာလ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်များမွေးမြူကြကာ စည်းလုံးညီညွတ်မှုအားကောင်းအောင် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

## ၂၀၂၁ ခုနှစ်၊ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ "(၂၁) ရာစုပင်လုံ" မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၂) တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရေး။

(၄) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၅) အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များ ပြုစုပျိုးထောင်ရေး။




တစ်မြေတည်းနေ
တစ်ရေတည်းသုံး
ဒို့အားလုံးသည်
ပြည်ထောင်စုသား
သွေးချင်းများ။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၉-၂-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၅၀၀ | ၉,၆၀၀ | ၁၅,၄၉၃,၆၀၀ | ၃၃,၁၀၉,၆၉၄ |
| MTSH | ၃,၅၅၀ | ၃,၆၀၀ | ၄၃၅,၄၅၀ | ၁၈,၉၂၉,၁၅၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၂၄,၃၀၀ | ၁၀,၄၀၀, ၉၈၆ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၁၁၀,၀၀၀ | ၂,၄၇၂,၀၅၃ |
| TMH | ၂,၅၀၀ | ၂,၆၅၀ | ၇၁,၂၅၀ | ၁၂,၈၂၃,၂၂၄ |
| EFR | ၃,၃၅၀ | ၃,၂၅၀ | ၉၁,၁၀၀ | ၁၉,၉၇၇,၂၂၃ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၉

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | မြန်မာငွေကျပ် | | | |
|---|---|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ = ၁၄၀၀.၆ | (စ) အိန္ဒိယ | တစ်ရူပီး = ၁၉.၂၁၅ | | |
| (ခ) ဥရောပ | တစ်ယူရို = ၁၆၉၃.၉ | (ဆ) သြစတြေးလျ | တစ်ဒေါ်လာ = ၁၀၈၁.၈ | | |
| (ဂ) တရုတ် | တစ်ယွမ် = ၂၁၇.၄၈ | (ဇ) စင်ကာပူ | တစ်ဒေါ်လာ = ၁၀၅၄.၄ | | |
| (ဃ) ထိုင်း | တစ်ဘတ် = ၄၆.၇၄၁ | (ဈ) ဂျပန် | တစ်ရာယန်း = ၁၃၃၆.၈ | | |
| (င) မလေးရှား | တစ်ရင်းဂစ် = ၃၄၅.၆၁ | (ည) တောင်ကိုရီးယား | တစ်ရာဝမ် = ၁၂၅.၆၈ | | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဦးဝေမင်းသူနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ☆ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုကွာခြားချက်၊ ကျေးလက်မြို့ပြကွာဟမှုနှင့် ဆင်းရဲချမ်းသာ ကွာဟမှုများကို လျှော့ချရန် လိုအပ်

# ☆ လူမှုစီးပွားဘဝ နိမ့်ပါးနေသည့်အတွက် မြင့်မားအောင် ဆောင်ရွက်ပေးရန်လို

# ☆ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရန် လိုအပ်

# ☆ နိုင်ငံတော်မှပေးသည့် လစာနှင့်ခံစားခွင့်များကို ရယူထားပြီး နိုင်ငံရေး ဆောင်ရွက်၍ မရ

☆ ရှေ့ဖုံးမှ

ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်၊ ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးခက်ထိန်နန်၊ ကယားပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦး (ခ)ဘူးရယ်၊ ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦး၊ ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတဲရင့်စ်စမ္ပိုင်းနီခွဲ၊ စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်း၊ တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်၊ ပဲခူးတိုင်းဒေသကြီး စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း၊ မကွေးတိုင်း ဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်၊ မန္တလေး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကို၊ မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာ တင်ဌေး၊ ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်း၊ ရန်ကုန်တိုင်းဒေသကြီး စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ ရှမ်းပြည်နယ် စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်း၊ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်း၊ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန် ရဲထွေး၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ တားသိန်းဇော်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီနပ်တို့ တက်ရောက်ကြသည်။

**စုပေါင်းဦးဆောင်မှုဖြင့်**

ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာ၌ မိမိတို့သည် နိုင်ငံတော်၏ အခြေ အနေအရပ်ရပ်ကို ဥပဒေနှင့်အညီသာ ဝင်ရောက်ထိန်းပေး ခြင်းဖြစ်ကြောင်း၊ အရေးပေါ်ကာလ စတင်ကြေညာသည့် အချိန်မှစ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း ခဲ့ပြီး နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ဒီမိုကရေစီလမ်းစဉ် အတိုင်း စုပေါင်းဦးဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

တပ်မတော်အနေဖြင့်ရွေးကောက်ပွဲဆိုင်ရာ မဲစာရင်း မှားယွင်းသည့်ကိစ္စရပ်များကို ဒီမိုကရေစီစည်းကမ်းနှင့်အညီ ဥပဒေကြောင်းအရ ဖြေရှင်းနိုင်ရန် အကြိမ်ကြိမ်ကြိုးပမ်းခဲ့ ကြောင်း၊ မဲစာရင်းများတွင် ကြီးမားသည့်လွဲမှားမှုများဖြစ်ခဲ့ ပြီး သာမန်လွဲမှားမှုများမဟုတ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် မဲစာရင်းမှားယွင်းမှုများကို ဒီမိုကရေစီနည်းလမ်းများနှင့် အညီ အတတ်နိုင်ဆုံးဆောင်ရွက်ရန် ကြိုးစားခဲ့သော်လည်း မည်သို့မျှ ဆွေးနွေးညှိနှိုင်းဖြေရှင်းမရသည့်အတွက် ယခု အဆင့်အထိ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာစောင့်ထိန်းရန် လိုကြောင်း၊ မိမိတို့သည် အမျိုးသားရေးတာဝန်တစ်ရပ်ကို ထမ်းဆောင်ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဥပဒေနှင့် အညီ ရှေ့ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

စီမံအုပ်ချုပ်ရေးကောင်စီများဖွဲ့စည်း၍ တာဝန် ပေးအပ်ရာတွင် ဒေသက ကြည်ညိုလေးစားခြင်းခံရပြီး မိမိတို့၏ဒေသအကျိုးစွမ်းဆောင်နိုင်မည့်သူ၊ အတွေ့အကြုံ ရှိသူ၊ အုပ်ချုပ်နိုင်စွမ်းရှိသူ၊ ဦးဆောင်နိုင်စွမ်းရှိသူ၊ ပေးအပ် သည့်တာဝန်ကို ယုံယုံကြည်ကြည်ဖြင့် ထမ်းဆောင်နိုင်မည့် သူများကိုသာ တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော် အစိုးရသည် မူဝါဒများချမှတ်ပေးရမည်ဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများက ဒေသတိုးတက်အောင်၊ အောက်ခြေရှိ ပြည်သူများ၏ လူမှု စီးပွားဘဝကို အဆင်ပြေအောင် အနီးကပ်ဆုံးဆောင်ရွက် ပေးရမည့် အဖွဲ့များဖြစ်ကြောင်း၊ လူဦးရေစာရင်းများ မှားယွင်းခဲ့သည့်အတွက် ယခုဖွဲ့စည်းပေးလိုက်သည့် ကောင်စီအဆင့်ဆင့်တွင် လူဝင်မှုကြီးကြပ်ရေးမှ တာဝန်ရှိ သူများကို ထည့်သွင်းဖွဲ့စည်းထားကြောင်း၊ စာရင်းများ မှန်ကန်မှုရှိစေရန် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများကို လွတ်လပ်စွာ ဆောင်ရွက်ခွင့် ပြုထားကြောင်း။

မိမိအနေဖြင့် နိုင်ငံတော်ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ် မူဝါဒ ၅ ရပ် ချမှတ်ထားကြောင်း၊ ယင်းလုပ်ငန်း စဉ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ တိုင်းဒေသ ကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ များက အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးဌာနများက ဝိုင်းဝန်းကူညီပံ့ပိုးဆောင် ရွက်ပေးကြမည်ဖြစ်ကြောင်း၊ ဆောင်ရွက်သင့်၊ ဆောင်ရွက် ထိုက်သည့် ကိစ္စရပ်များကို မြန်မြန်ထက်ထက် လုပ်ဆောင် ကြရမည်ဖြစ်ကြောင်း။

**ပူးပေါင်းဆောင်ရွက်ခဲ့**

တပ်မတော်သည် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လက်ခံသည့် အဖွဲ့အစည်းဖြစ်သည့်အတွက် တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ပြည်သူလူထုကို မထိခိုက် စေလိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ပြည်သူများ၏ လိုအပ်ချက်နှင့် ဒေသ၏လိုအပ်ချက်များကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်လိုကြောင်း၊ အကောင်အထည်ဖော်နိုင်ရန် လုပ်ပိုင်ခွင့်များပေးထားပြီး ဖြစ်ကြောင်း၊ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်ကိုကျော်လွန်ပြီး မလုပ်ဆောင်ရန်လိုကြောင်း၊ ဒေသအတွင်း ရပ်တန့်နေသည့် လုပ်ငန်းများ၊ ကိစ္စရပ်များ၊ လုပ်သင့်လုပ်ထိုက်သည်များကို မြန်မြန်ထက်ထက် အကောင်အထည်ဖော် ဆောင်ရွက်ကြရ မည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြ သည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်အလိုက် ကောင်စီ များဖွဲ့စည်းထားရှိမှု၊ ပြည်သူများ၏ ကျန်းမာရေးစောင့် ရှောက်မှုဆိုင်ရာကိစ္စရပ်များ၊ တိုက်ပွဲရှောင်စခန်းများရှိ ပြည်သူများနေရပ်ပြန်လည်ရောက်ရှိရေး၊ မိုင်းရှင်းလင်းရေး လုပ်ငန်းများဆောင်ရွက်ရေး၊ ဒေသခံ လက်လုပ်လက်စား များ တရားဝင်ကျောက်စိမ်းတူးဖော်ခွင့်ရရှိရေး၊ ကျောက်မျက် ရတနာပြပွဲများ ကျင်းပခွင့်ပြုရေး၊ နယ်စပ်ကုန်သွယ်ရေးဂိတ် များဖြစ်သည့် ကန်ပိုက်တီးနှင့် လွယ်ဂျယ်ဂိတ်များ ပြန်လည်ဖွင့်လှစ်ခွင့်ပြုရေး၊ ရဲတပ်ဖွဲ့ဝင်များ အင်အား တိုးမြှင့်ပေးရေး၊ မှတ်ပုံတင်ပြုလုပ်ပေးရေး၊ တိုင်းဒေသကြီး၊ ပြည်နယ်ကောင်စီများတွင် ဥပဒေအကြံပေးနှင့် ဥပဒေ အရာရှိများ ထည့်သွင်းဖွဲ့စည်းပေးရေး၊ ရပ်ကွက်၊ ကျေးရွာ ကောင်စီဥက္ကဋ္ဌများ အမြန်ဆုံးပြန်လည်ခန့်အပ်ခွင့်ပြုရေး၊ မုံရွာဆေးရုံကြီး အမြန်ပြီးစီးအောင် ဆောင်ရွက်ခွင့်ပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင် ရွက်နေမှုအခြေအနေ၊ နိုင်ငံတော်လုံခြုံရေးအတွက် လိုအပ် သည့် ဥပဒေအချို့ပြဋ္ဌာန်းပေးရေးနှင့် ဒေသအလိုက် ဆောင် ရွက်ရမည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော် စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုက်ပွဲရှောင်စခန်းများရှိ ပြည်သူများ နေရပ်ပြန်နိုင်ရေးနှင့် မိုင်းရှင်းလင်းရေးကိစ္စကို အမြန်ဆုံးဆောင်ရွက်ပေးမည်ဖြစ် ကြောင်း၊ ပြည်ပရောက် မြန်မာနိုင်ငံသားများ မြန်မာနိုင်ငံ သို့ အမြန်ဆုံးပြန်လည်ခေါ်ဆောင်နိုင်ရေးနှင့် မိမိနိုင်ငံ၏ အရိပ်အာဝါသအောက်တွင် နေထိုင်စေလိုကြောင်း၊ နယ်စပ် ကုန်သွယ်ရေးဂိတ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးမှာ အမိန့် နှင့်ညွှန်ကြားချက်များသည် တည်ဆဲဖြစ်ပြီး လိုအပ်ပါက ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနှင့် ညှိနှိုင်းဆောင် ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ ၏ ဖွံ့ဖြိုးတိုးတက်မှုကွာခြားချက်၊ ကျေးလက်မြို့ပြကွာဟ မှုနှင့် ဆင်းရဲချမ်းသာကွာဟမှုများကို လျှော့ချရန်လိုအပ် ကြောင်း၊ လူမှုစီးပွားဘဝ နိမ့်ပါးနေသည့်အတွက် မြင့်မား အောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရန် လိုအပ်ကြောင်း၊ နိုင်ငံတော်မှပေးသည့် လစာနှင့်ခံစားခွင့်များကို ရယူထားပြီး နိုင်ငံရေးဆောင်ရွက်၍မရပါကြောင်း၊ မိမိတို့နိုင်ငံထက် ဒီမိုကရေစီ ပိုမိုရင့်ကျက်သည့် နိုင်ငံများတွင်လည်း ဒီမိုကရေစီနိုင်ငံရေးယဉ်ကျေးမှုအရ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခြင်းမရှိသည်ကို တွေ့ရှိရ ကြောင်း၊ မိမိတို့နှစ်သက်သည့် ပါတီများကို လွတ်လပ်စွာ မဲပေးနိုင်သော်လည်း လုပ်ငန်းတာဝန်ထမ်းဆောင်နေသည့် အချိန်တွင် နိုင်ငံရေးပါဝင်ဆောင်ရွက်၍မရကြောင်း၊ နိုင်ငံ့ ဝန်ထမ်းများ တာဝန်ထမ်းဆောင်မှုအပေါ် နည်းလမ်း အမျိုးမျိုးဖြင့် ခြိမ်းခြောက်လာမှုများကို ဖော်ထုတ်အရေးယူ ရမည်ဖြစ်ကြောင်း မှာကြားသည်။

**ပညာရေးကို အားပေးရန်လို**

ယင်းနောက် ပြည်သူများ ဝင်ငွေရရှိရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်လိုကြောင်း၊ အခြေခံလုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရန် အတွက် အသိပညာ၊ အတတ်ပညာရှိရန်လိုအပ်ကြောင်း၊ အတတ်ပညာရရှိရန်အတွက် အတန်းပညာများ တတ်မြောက်ရန်လိုအပ်သဖြင့် ပညာရေးကို အားပေးရန် လိုကြောင်း၊ တိုင်းရင်းသားဒေသများတွင် ပညာသင်ကြား ရာ၌ ဘာသာစကားအခက်အခဲများကို ဖြေရှင်းဆောင် ရွက်ရန်လိုကြောင်း၊ ယခု COVID-19 ရောဂါ စတင်ဖြစ်ပွား ချိန်မှ ယနေ့အထိ စာသင်ကျောင်းများ ပိတ်ထားခဲ့ရသဖြင့် ပညာရေးနှောင့်နှေးမှုဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် အခြေခံ ပညာကျောင်းများအား ထုတ်ပြန်ထားသည့် COVID-19 စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အတတ် ပညာရှိသည့် လူသားအရင်းအမြစ်များ ပေါ်ထွန်းလာစေရေး အတွက် သက်ဆိုင်ရာ ပညာရပ်နယ်ပယ်အလိုက် ကျောင်း များအား တိုးချဲ့ဖွင့်လှစ်ပေးရန်လိုအပ်ကြောင်း၊ နိုင်ငံသား အားလုံး တိုင်းချစ်ပြည်ချစ်စိတ်ရှိရန်အတွက် ပညာရေးကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် အဓိကထုတ်ကုန်ဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ် ကုန်များကိုလည်း အရည်အသွေးပြည့်မီစွာဖြင့် ထုတ်လုပ် နိုင်ပြီး ဒေသခံပြည်သူများ ဝင်ငွေတိုးပွားရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကြိုးပမ်းဆောင်ရွက် သွားရန်လိုအပ်ကြောင်း၊ ကုန်စည်စီးဆင်းမှု ပြန်လည်ချောမွေ့ လာစေရေးအတွက်

စာမျက်နှာ ၄ သို့ ☆

# ☆ မိမိတို့နိုင်ငံထက် ဒီမိုကရေစီ ပိုမိုရင့်ကျက်သည့်နိုင်ငံများတွင်လည်း ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေးမှုအရ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခြင်းမရှိသည်ကို တွေ့ရှိရ

# ☆ မိမိတို့နှစ်သက်သည့်ပါတီများကို လွတ်လပ်စွာမဲပေးနိုင်သော်လည်း လုပ်ငန်း တာဝန် ထမ်းဆောင်နေသည့်အချိန်တွင် နိုင်ငံရေးပါဝင်ဆောင်ရွက်၍မရ

# ☆ နိုင်ငံ့ဝန်ထမ်းများ တာဝန်ထမ်းဆောင်မှုအပေါ် နည်းလမ်းအမျိုးမျိုးဖြင့် ခြိမ်းခြောက်လာမှုများကို ဖော်ထုတ်အရေးယူရမည်

☆ စာမျက်နှာ ၃ မှ
စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ပြီး အလုပ်အကိုင်ရရှိရေးအတွက်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ငွေကြေးတန်ဖိုး ယခုထက်လျော့ကျခြင်းမရှိစေရန်နှင့် တိုးတက်မှုရှိရန်အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကောင်စီဥက္ကဋ္ဌများအနေဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် တက်ညီလက်ညီ စေတနာထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာဆိုင်ရာ ဘုရား စေတီပုထိုးများနှင့် အခြားဘာသာရေးဆိုင်ရာ အဆောက်အဦများကို COVID-19 စည်းကမ်းချက်များနှင့်အညီ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

**တိုက်တွန်းမှာကြား**

ထို့နောက် ရွေးကောက်ပွဲအတွက် လိုအပ်သည့် မဲစာရင်းများ မှန်ကန်မှုရှိစေရေး တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် သန်းခေါင်စာရင်းမှန်ကန်စွာရရှိရေးနှင့် မှတ်ပုံတင်များရရှိရေး ဥပဒေနှင့်အညီ ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသည့် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးအတွက် နှစ်နိုင်ငံ သဘောတူညီချက်များနှင့် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေတို့နှင့်အညီ ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြည်ထောင်စုနေ့ အခမ်းအနားအပါအဝင် သက်ဆိုင်ရာ နေ့ထူးနေ့မြတ်များတွင် ကျင်းပလေ့ရှိသည့် အခမ်းအနားများကို ပုံမှန်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပရန်နှင့် အခမ်းအနားများ ကျင်းပရာတွင် COVID-19 စည်းကမ်းချက်များကိုလည်း လိုက်နာဆောင်ရွက်သွားရန် လိုကြောင်းဖြင့် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑

# နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့၏ ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်၍ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်တို့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်၌ နိုင်ငံခြားရေးဝန်ကြီးဌာနရှိ အရာရှိကြီးများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ **(ယာပုံ)**





**အဟုန်မပျက်ဆောင်ရွက်**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ဖေဖော်ဝါရီ ၂ ရက် တာဝန်ယူဆောင်ရွက်သည့်နေ့ကစပြီး နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့အနေဖြင့် လုပ်ငန်းတာဝန်များကို အရှိန်အဟုန်မပျက် ဆောင်ရွက်ခဲ့ကြောင်း၊ ရှေ့ဆက်၍လည်း လုပ်ငန်းများကို ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်အနေဖြင့် ရှေ့ဆက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ရပ်တည်ချက်သဘောထားကို ဖေဖော်ဝါရီ ၈ ရက်တွင် ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ မူဝါဒများကိုလည်း ထုတ်ပြန်ကြေညာထားပြီးဖြစ်ကြောင်း၊ သို့ဖြစ်ရာ နိုင်ငံခြားရေးမူဝါဒ အပါအဝင် နိုင်ငံတော်၏ မူဝါဒအပြောင်းအလဲမရှိဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာဆက်ဆံရေးတွင် နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက် ချစ်ကြည်စွာ ဆက်ဆံသွားမည်ဖြစ်ကြောင်း၊ ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ အကျိုးကို ကာကွယ်စောင့်ရှောက်ရေးသည် အရေးကြီးကြောင်း၊ ယင်းကိစ္စကို ဦးစားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့သည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် ပေးအပ်ထားသည့် ဝန်ထမ်းတာဝန် ကျေပွန်အောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိနိုင်ငံကို ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်အောင် ဆောင်ရွက်သွားရမည်သာဖြစ်ကြောင်း၊ ဝန်ထမ်းဆိုသည်မှာ နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေသူများဖြစ်သည့်အတွက် ပါတီအရောင်အသွေး ကင်းရှင်းစွာ တာဝန်များ ဆောင်ရွက်ရန် လိုအပ်ကြောင်း။

**လိုက်နာဆောင်ရွက်**

ထို့အတူ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ ရပ်တည်ချက်နှင့်အညီ လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည်ဖြစ်ရာ ဝန်ထမ်းများအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် တက်ညီလက်ညီ အားလုံးပူးပေါင်းပြီး ချိတ်ဆက်ဆောင်ရွက်သွားရန် ပြောကြားသည်။

**မျက်ခြည်မပြတ်ရန်လို**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က နိုင်ငံခြားရေးဝန်ထမ်းများသည် နိုင်ငံ၏ ရှေ့တန်းခံစစ်တွင် ရပ်တည်ဆောင်ရွက်နေသူများဖြစ်ကြောင်း၊ နိုင်ငံ၏ ကောင်းမွန်သောအနာဂတ်ရရှိရေးအတွက် လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဒီမိုကရေစီ၊ တည်ငြိမ်အေးချမ်းရေးနှင့် စည်းလုံးညီညွတ်မှုအတွက် ဆောက်ရွက်ရာတွင် ယနေ့ ကမ္ဘာ၌ ဖြစ်ပေါ်နေသည့် အခြေအနေများကို မျက်ခြည်မပြတ်ရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်၊ တက်ရောက်လာသည့် ဦးစီးဌာနအကြီးအကဲများက လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ရှေ့ဆက်ဆောင်ရွက်ရန် ရှိသည့် လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များကို မှာကြားသည်။

**သတင်းစဉ်**

## (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် အင်းဝဘဏ်လီမိတက်၏ ဘဏ်ခွဲ (၆၈)ဘဏ်မြောက် မြို့သာဘဏ်ခွဲဖွင့်လှစ်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

(၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် အင်းဝဘဏ်လီမိတက် မြို့သာဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဘဏ်ခွဲပရဝဏ်တွင် ကျင်းပသည်။




**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့သာစက်မှုဇုန်ဥက္ကဋ္ဌ၊ အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာနှင့် တာဝန်ရှိသူများက နံနက် ၉ နာရီ ၅ မိနစ်တွင် အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုဦးက အင်းဝဘဏ်လီမိတက်၊ မြို့သာဘဏ်ခွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ ဘဏ်ခွဲ ကမ္ပည်းမော်ကွန်းဆိုင်းဘုတ်နှင့် ဘဏ်ကောင်တာတို့အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ယင်းနောက် တက်ရောက်လာသော ဧည့်သည်တော်များသည် ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်လိုက်သော အင်းဝဘဏ်လီမိတက် မြို့သာဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ (၆၈)ဘဏ်မြောက်ဘဏ်ခွဲဖြစ်သည်။

အင်းဝဘဏ်လီမိတက်အနေဖြင့် ပြည်တွင်းငွေလွှဲဝန်ဆောင်မှု လုပ်ငန်းများအပြင် ငွေစုဘဏ် အပ်ငွေအပေါ် အတိုးနှုန်း ၆ ဒသမ ၂၅ ရာခိုင်နှုန်းနှင့် စာရင်းသေ အပ်ငွေအပေါ် ငွေစုဆောင်းသူများ၏ သဘောဆန္ဒအလျောက် စုဆောင်းသည့် အချိန်ကာလ အပိုင်းအခြားအလိုက် မူတည်၍ ၈ ဒသမ ၅ ရာခိုင်နှုန်းအထိ အတိုးနှုန်းများ ပေးအပ်လျက်ရှိပြီး စီးပွားရေးလုပ်ငန်း မတည်ရင်းနှီး လုပ်ကိုင်လိုသူများအတွက် ချေးငွေ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## နွေရာသီကာလတွင် သောက်သုံးရေရှားပါးပြတ်လပ်မှု ဖြစ်ပေါ်လာပါက အကူအညီတောင်းခံနိုင်

**ပုလဲ ဖေဖော်ဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများအနေဖြင့် နွေရာသီကာလတွင် သောက်သုံးရေ ရှားပါးပြတ်လပ်မှုဖြစ်ပေါ်လာပါက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**ကြိုတင်စီမံဆောင်ရွက်ထား**

"အခုနှစ် နွေရာသီမှာ သောက်သုံးရေ ရှားပါးမှုဖြစ်ပေါ်တဲ့ ရပ်ကွက်နဲ့ ကျေးရွာတွေက ဆက်သွယ်အကူအညီတောင်းခံလာခဲ့ရင် အချိန်နှင့်တစ်ပြေးညီ သောက်သုံးရေ ပို့ဆောင်နိုင်ဖို့အတွက် ရေဘူးကြီးတွေကို ကြိုတင်စီမံဆောင်ရွက်ထားပါတယ်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေတွေနဲ့ လက်တောင်းကြီးကျေးရွာ၊ သင်တီးကန်(အရှေ့)ကျေးရွာ၊ အောက်ကျင်းကျေးရွာနဲ့ လဲကန်ကျေးရွာမှာ စက်ရေတွင်းတူးဖော်ခြင်းနဲ့ ရေစင်တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးက ပြောသည်။

ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နွေရာသီတွင် သောက်သုံးရေ ရှားပါးပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် ကျေးရွာများသို့ ကွင်းဆင်း၍ ရေအရင်းအမြစ်များ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် သတိပြုရမည့်အချက်အလက်များ၊ စက်ရေတွင်းများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းခြင်းနည်းစနစ်များနှင့် စိမ့်စမ်းရေများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းခြင်းနည်းစနစ်များ ပညာပေးဆွေးနွေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။ နွေရာသီတွင် သောက်သုံးရေ ရှားပါးပြတ်လပ်မှုများ ဖြစ်ပေါ်လာပါက ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း ၀၇၁-၃၅၀၉၆ နှင့် ၀၉-၄၄၄၆၈၁၅၆၉ သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**မင်းခန့်စိုး(ဖေယျာမြေ)**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် (၄၃ / ၂၀၂၁)

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

(၁) ဦးစောဘလှိုင် — အဖွဲ့ဝင်
(၂) ဦးစိုးဦး — အဖွဲ့ဝင်

အမိန့်အရ

(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ဖေဖော်ဝါရီ ၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၁ ဦး တွေ့ရှိ

**COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၉-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၈-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၉-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၉၂၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၂၁) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၆၇,၇၂၆) အား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၄၄၈) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄၆၂) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၂၈,၄၃၇) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID–19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၁၈၀) ဦး ရှိပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် "ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign)" ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည် ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဖူးမြော်ကြသည့် ဘုရားဖူးပြည်သူများအား သတ်မှတ်ချိန်အလိုက် အရောင်ကာလာခွဲထားသောစတေကာများ ထုတ်ပေးသွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၆ နာရီမှစတင်၍ ရဟန်းရှင်လူ ပြည်သူများ ဘုရားဖူးမြော်နိုင်ကြတော့မည် ဖြစ်ရာ ဘုရားဖူးပြည်သူများအား ဘုရားဖူးမြော်ရာတွင် သတ်မှတ်ချိန်အလိုက် အရောင်ကာလာခွဲထားသော စတေကာများကို ထုတ်ပေးသွားမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့မှ သိရသည်။

"ရွှေတိဂုံ စေတီတော်မြတ်ကြီးမှာ လာရောက်ဘုရားဖူးကြမယ့် ဘုရားဖူးပြည်သူတွေအနေနဲ့ နှာခေါင်းစည်းကို မဖြစ်မနေ တပ်ဆင်လာကြဖို့လိုအပ်ပါတယ်။ နောက်ပြီး ကိုဗစ်-၁၉ ထိန်းချုပ်၊ တားဆီး၊ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ၊ ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းများနဲ့အညီ အစစ်ဆေးခံဖို့လည်း လိုအပ်ပါတယ်။ နိုင်ငံတော်က လမ်းညွှန်ထားတဲ့အတိုင်း ရောဂါကြိုတင် ကာကွယ်ထိန်းချုပ်ရေးအတွက် လူဦးရေထိန်းချုပ်ပြီး ဘုရားဖူးပြည်သူတွေအတွက် ဆောင်ရွက်နေရတာမို့ ရင်ပြင်အောက်ခြေမှာ မလိုအပ်ဘဲနဲ့ လူတွေစုပြုံနေမှာကိုလည်း စိုးရိမ်တဲ့အတွက် လိုအပ်တဲ့ ကြိုတင်ပြင်ဆင် စီမံမှုတွေ လုပ်ဆောင်ထားပါတယ်။ နောက်ပြီး ဘုရားဖူးပြည်သူတွေအတွက် နာရီအလိုက် အရောင်ခွဲခြားပြီး ရင်ဘတ်မှာ စတေကာလေးတွေ ကပ်ပေးပါမယ်။ ဥပမာ မနက် ၆ နာရီကနေ ၇ နာရီ ဖူးမြော်တဲ့ဘုရားဖူးက ဘာအရောင်၊ မနက် ၈ နာရီကနေ ၉ နာရီက ဘာအရောင်ဆိုပြီး ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါမှလည်း သတ်မှတ်ချိန်အတိုင်း ရင်ပြင်တော်ကနေ ပြန်ဆင်း၊ မဆင်းလားဆိုတာကို ဒီစတေကာအရောင် ကြည့်ပြီးတော့ ကျွန်တော်တို့ခွဲခြားနိုင်မှာဖြစ်ပါတယ်"ဟု ရွှေတိဂုံစေတီတော်ဂေါပက အဖွဲ့ဝင် ဦးအေးထွန်းက ရှင်းပြသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ရဟန်းရှင်လူပြည်သူများ ဖူးမြော်ခွင့်ရရှိသည့် ဖေဖော်ဝါရီ ၁၁ ရက်မှစတင်ကာ နံနက် ၆ နာရီမှ ၇ နာရီ၊ နံနက်၈ နာရီမှ ၉ နာရီ၊ နံနက် ၁၀ နာရီမှ ၁၁ နာရီဖြင့် နံနက်ပိုင်းအတွက် ဘုရားဖူးမြော်ချိန် သုံးကြိမ်ကို လည်းကောင်း၊ မွန်းလွဲ ၁ နာရီမှ ၂ နာရီ၊ ညနေ ၃ နာရီမှ ၄ နာရီ၊ ညနေ ၅ နာရီမှ ၆ နာရီဖြင့် နေ့လယ်ပိုင်းမှ ညနေအထိ ဘုရားဖူးမြော်ချိန် သုံးကြိမ်ကို လည်းကောင်း တစ်နေ့လျှင် နံနက် သုံးကြိမ်၊ ညနေ သုံးကြိမ်ဖြင့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူ စုစုပေါင်း ၃၀၀၀ ဖူးမြော်နိုင်ရန် စီစဉ်ထားကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

ဘုရားဖူးမြော်ကြရာတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးဆိုင်ရာ သတိပေးချက်များနှင့် နှိုးဆော်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပြီး စေတီတော်သို့ ရောက်ရှိသည့်အခါ ဆေးဖျန်းစက်ထဲဝင်ခြင်း၊ လက်ဆေးခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်းများကို ဘုရားဖူးပြည်သူများ အနေဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကာ သံသယဖြစ်ဖွယ်ရာ ဘုရားဖူးပြည်သူအား တွေ့ရှိပါက သီးသန့်အခန်းတွင် ထားရှိမည် ဖြစ်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ကာ ဆေးရုံများသို့ ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့မှ သိရသည်။



ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ယနေ့နံနက်ပိုင်းမြင်ကွင်းအား တွေ့ရစဉ်။

**သတင်း - ပွင့်သစ္စာ**
**ဓာတ်ပုံ - စိုးမြင့်အောင်**



ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် ဗားကရာ ကျောင်းတိုက်အတွင်းရှိ အတုလာဓိပတိ မဟာမုနိသကျကိုးထပ်ကြီး ဘုရား၌ ဖေဖော်ဝါရီ ၉ ရက် နံနက် ၇ နာရီတွင် ဘာသာရေးအသင်းအဖွဲ့က ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဖတ်ပူဇော်နေစဉ်။

တင်ဝင်းတင်

## မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲနှင့် စံပြကျေးရွာဆု ပေးအပ်ပွဲကျင်းပ

**ဆီဆိုင် ဖေဖော်ဝါရီ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲနှင့် စံပြကျေးရွာဆုပေးအပ်ပွဲကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးခန်းမ၌ ယနေ့တွင် ကျင်းပကြောင်း သိရသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်နိုင်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ဆီဆိုင်မြို့နယ်အတွင်းရှိ မြစိမ်းရောင်ကျေးရွာကော်မတီဝင်များက စီမံကိန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသောအခက်အခဲများ၊ စိန်ခေါ်မှုများ၊ အားနည်းချက်၊ အားသာချက်များအား ဆွေးနွေးတင်ပြကြပြီး ဆီဆိုင်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းများအနက် စွမ်းစွမ်းတမံဆောင်ရွက်သော စံပြမြစိမ်းရောင်ကျေးရွာ သုံးရွာအား မြို့နယ်မှ တာဝန်ရှိသူများက ဆုများပေးအပ်သည်။

ဆီဆိုင်မြို့နယ်၌ ကျေးရွာတစ်ရွာလျှင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ ယူနစ် ၄၇ ဖြင့် ကျေးရွာပေါင်း ၆၆ ရွာကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ **ခွန်ရဲထွေး(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ခေတ္တဒုတိယ ပါမောက္ခချုပ်ဆရာတော်အား ဖူးမြော်ကြည်ညို၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ခေတ္တဒုတိယပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာ စရိယ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ထိုသို့ဖူးမြော်ကြည်ညိုစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏လက်ရှိအခြေအနေနှင့် ဆောင်ရွက်ချက်များ၊ သာသနာရေးကိစ္စဆောင်ရွက်ရာတွင် သာသနာတော်တည်တံ့ပြန့်ပွားစေရေး၊ ပရိယတ္တိ၊ ပဋိပတ္တိသာသနာတော်တိုးတက်ထွန်းကားစေရေး ကြိုးပမ်းဆောင်ရွက်သွားမည့် အခြေအနေတို့ကို တင်ပြလျှောက်ထားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဆရာတော်ကြီးထံမှ ဩဝါဒကထာများ နာယူကြည်ညိုသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်သို့ လှည့်လည်ကြည့်ရှုပြီး အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်အစည်းအဝေးခန်းမ၌ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် (စီမံ)က တက္ကသိုလ်၏ သင်ကြား/စီမံဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)သို့ရောက်ရှိပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများနှင့် စွယ်တော်ဆောင် အစည်းအဝေးခန်းမတွင် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်၌ သင်ကြားသင်ယူမှုများ၊ စီမံရေးရာများနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပါမောက္ခချုပ်က တက္ကသိုလ်၌ တာဝန်ယူဆောင်ရွက်လျက်ရှိသော တက္ကသိုလ်၏ ရည်မှန်းချက်တွင် ပါရှိသည့် တိုင်းရင်းသားရိုးရာဂီတနှင့် တိုင်းရင်းသားရိုးရာအက သင်ကြားနေမှုနှင့်စပ်လျဉ်း၍ အားသာချက်၊ အားနည်းချက်၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အသေးစိတ်ဆွေးနွေးတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသား ရိုးရာဂီတနှင့် အကများကို စနစ်တကျ သင်ကြားနိုင်ရေးအတွက် အသေးစိတ်မှာကြားသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)ရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများ၏ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ တာဝန်ယူဆောင်ရွက်နိုင်ရေးကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် တတိယအကြိမ် သွေးချင်းတို့ရဲ့ပွဲတော်ဆီ "၂၀၂၁" ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေး တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

တိုင်းရင်းသားရိုးရာယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်း မြှင့်တင်ရန်ရည်ရွယ်၍ တတိယအကြိမ် သွေးချင်းတို့ရဲ့ပွဲတော်ဆီ (၂၀၂၁) အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲတွင် တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရေး၊ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

### တက်ရောက်

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က ပထမအကြိမ် "သွေးချင်းတို့ရဲ့ပွဲတော်ဆီ"ကို ၂၀၁၉ ခုနှစ်တွင် လည်းကောင်း၊ ဒုတိယအကြိမ်ကို ၂၀၂၀ ပြည့်နှစ်တွင် လည်းကောင်း ကျင်းပဆောင်ရွက်နိုင်ခဲ့သည်ကို အားလုံးသိရှိခဲ့ပြီးဖြစ်ပါကြောင်း၊ တတိယအကြိမ် သွေးချင်းတို့ရဲ့ပွဲတော်ဆီ (၂၀၂၁)ပွဲတော်ကို MRTV ၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း (NRC) ၊ Web portal၊ Facebook platform တို့မှ Virtual Reality နည်းပညာဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ ကျင်းပနိုင်ရန်လျာထားခဲ့သော်လည်း အခက်အခဲအနည်းငယ်ရှိပါသဖြင့် ရွှေ့ဆိုင်းကျင်းပနိုင်ရေးအတွက် ယခုကဲ့သို့ အစည်းအဝေး ခေါ်ယူကျင်းပရခြင်းဖြစ်ပါကြောင်း၊ "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" (၂၀၂၁) ကို အများပြည်သူများ စိတ်ဝင်တစား ကြည့်ရှုနိုင်ရန်အတွက် မည်သည့်အချိန်ကာလတွင် ပြောင်းလဲကျင်းပနိုင်ရန် သင့်လျော်သည်ကိုလည်း အားလုံးဝိုင်းဝန်းဆွေးနွေးပေးစေလိုပါကြောင်း၊ သွေးချင်းတို့ရဲ့ ပွဲတော်ဆီ (၂၀၂၁) ပွဲတော်အတွက် ပြပွဲများကို အဓိကအားဖြင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ ခြောက်ခုစုစုပေါင်း ၁၄ ခုကို အခြေခံ၍ စီစဉ်ဆောင်ရွက်ထားခြင်းဖြစ်ပါကြောင်း၊ မိမိတို့ တိုင်းရင်းသားများအလိုက် ထုတ်လွှင့်ပြသမည့် ပြပွဲများ၊ ဗီဒီယို Clip များ၊ ဒေသဆိုင်ရာအကြောင်းအရာများ၊ ရပ်ရွာအခြေပြုခရီးသွား လုပ်ငန်းများစသည်တို့ကိုလည်း ယခင်စီစဉ်ထားသည့်အတိုင်း ဆောင်ရွက်လိုပါကြောင်း။



ဝန်ကြီးဌာနများအနေဖြင့် ယခင်ပြုလုပ်ခဲ့သော ဆွေးနွေးချက်များအရ ယခုအစည်းအဝေးတွင် အကြံပြုဆွေးနွေးပေးစေလိုပါကြောင်း၊ ယခုအစည်းအဝေး ဆုံးဖြတ်ချက်အပေါ်မူတည်ပြီး မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းနှင့် ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ လိုအပ်သလို တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တိုင်းရင်းသားများ၏ အကျိုးစီးပွားနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်၊ တိုင်းရင်းသားဒေသ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး၊ ဒေသထွက်ကုန်များ ပိုမိုမြှင့်တင်နိုင်ရေး စသည်တို့ကို အထောက်အကူဖြစ်စေရန်နှင့် ယခုဖြစ်ပေါ်နေသည့် ဖြစ်စဉ်များကို အမြန်ဆုံးကုစားနိုင်ရန်အတွက် စဉ်းစားချင့်ချိန်ပြီး အကောင်းဆုံးဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်း အကြံပြု ဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

### ဆွေးနွေးတင်ပြ

ထို့နောက် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အစည်းအဝေးသို့ တက်ရောက်လာသူများက အထွေထွေဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အထွေထွေ ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် တတိယအကြိမ် သွေးချင်းတို့ရဲ့ ပွဲတော်ဆီ (၂၀၂၁)ကို မြေပြင်တွင် ကျင်းပခြင်း မပြုလုပ်တော့ဘဲ Virtual Reality နည်းပညာဖြင့် ကျင်းပမည်ဖြစ်သော်လည်း အစဉ်အလာမပျက် အားသွန်ခွန်စိုက် အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

သတင်းစဉ်



# ကွတ်ခိုင်မြို့နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**ကွတ်ခိုင် ဖေဖော်ဝါရီ ၉**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အဓိကကျသော လမ်း/တံတားလုပ်ငန်းများအနက်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၉၂၁ သန်းဖြင့် မြေသားလမ်း(၄/၄)မိုင်၊ ကျောက်ချောလမ်းနှင့် ဖြူန်းကျောက်ခင်းခြင်း ၁၂ မိုင်၊ ၁၅ ပေ ကွန်ကရစ်တံတား တစ်စင်း၊ (၅x၅x၂၆)ပေ Box Culvert ငါးစင်းတို့အား ဒေသခံပြည်သူများ သွားလာရေးလွယ်ကူလျင်မြန်စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### ကွင်းဆင်းကြည့်ရှု

အဆိုပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သတ်မှတ်ဘဏ္ဍာနှစ်အတွင်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး တာဝန်ရှိသူများက ယမန်နေ့တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ငွေကြယ်

# နိုင်ငံအရေး တွေးဆဆင်ခြင် ရှုမြင်နိုင်ဖို့

မိုးတိမ်

ပြီးခဲ့သည့် ဆယ်နှစ်ခန့်က ဖြစ်စဉ်ဖြစ်ရပ်များအပေါ် ပြန်ပြောင်းလေ့လာ အကဲခတ်လိုက်လျှင် လွန်စွာ စိတ်ကျေနပ်ဝမ်းမြောက်ဖွယ်ကောင်းသည့် သမိုင်းဖြစ်ရပ်တို့ ပေါ်ပေါက်ခဲ့ကြသည်ကို မည်သူမျှ ငြင်းပယ်၍ မရနိုင်ပေ။

တပ်မတော်အစိုးရက ဦးစီးဦးဆောင်ပြု၍ ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ ကျင်းပပေးခဲ့ရုံသာမက ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကိုလည်း စနစ်တကျ ကူးပြောင်းပေးနိုင်ခဲ့သည်။ ယင်းဖြစ်စဉ်ကြီးကို နိုင်ငံရေးအသိုင်းအဝိုင်းတစ်ခုလုံးကလည်း “မြန်မာ့နွေဦး” ဟု တင်စားချီးကျူးခဲ့ကြသည်။ ကမ္ဘာတစ်ဝန်းက သုံးသပ်ကြရာတွင် မြန်မာပြည် ဒီမိုကရေစီအကူးအပြောင်းသည် သိမ်မွေ့ညင်သာ အောင်မြင်သည်ဟု အကဲဖြတ်ခဲ့ကြပါ၏။ ဤသို့ နှစ်ပေါင်းများစွာ တစ်ပါတီစနစ်နှင့် ဗဟိုဦးစီးစနစ် ကျင့်သုံးဆောင်ရွက်ခဲ့ရာမှ ပါတီစုံဒီမိုကရေစီစနစ်ကို ကူးပြောင်းဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ကမ္ဘာ့အလယ်တွင် မျက်နှာပန်း ပွင့်လန်းခဲ့ရဖူး၏။

**ဒီမိုကရေစီ ကူးပြောင်းခြင်းဆိုသည်မှာ**

စင်စစ် ကျွန်တော်တို့နိုင်ငံသည် ဒီမိုကရေစီစနစ်ကို ကူးပြောင်းခဲ့သည်ဆိုသော်လည်း အများစုသည် ဒီမိုကရေစီနှင့် ဒီမိုကရက်တိုင်ဇေးရှင်းကို ကွဲကွဲပြားပြား နားလည်ထားကြဟန်ကား မတွေ့ရပေ။

ဒီမိုကရေစီဆိုသည်မှာ ပြည်သူလူထုအုပ်ချုပ်သော စနစ်ဟု အလွယ်ပြောနိုင်သော်လည်း ယင်းစနစ်ကို ကျင့်သုံးဆောင်ရွက်ဖို့ရာအတွက် ဒီမိုကရက်တိုင်ဇေးရှင်းဟုခေါ်သည့် ဒီမိုကရေစီကူးပြောင်းမှုလုပ်ငန်းစဉ်များကို စနစ်တကျ ဆောင်ရွက်ပေးကြရသည်။ တစ်နည်းအားဖြင့် ပြောရလျှင် ဗဟိုဦးစီးအုပ်ချုပ်ရေးစနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ကူးပြောင်းရာတွင် ချက်ချင်းလက်ငင်းပြီးပြီးရော ပြောင်းလဲပေး၍မရဘဲ အဆင့်ဆင့် ကူးပြောင်းရခြင်းကို ဒီမိုကရက်တိုင်ဇေးရှင်းဟု ခေါ်သည်။ ဤအဆင့်ကို ဆောင်ရွက်မည်ဆိုလျှင် သက်ဆိုင်ရာ လူ့အဖွဲ့အစည်းအားလုံး၏ ပကတိအခြေအနေကို မျက်နှာမူရမည်။ အများအကြိုက် ပေါ်ပြူလာ ဒြပ်မဲ့များဖြင့် လှုံ့ဆော်နှိုးဆွနေလို့မရ။ မိမိတို့၏ စိတ်ဆန္ဒများကို အခြေခံပြီး ချဉ်းကပ်လို့မဖြစ်နိုင်။ ဒီမိုကရက်တိုင်ဇေးရှင်း အခြေတည်ရာ လူ့အဖွဲ့အစည်း၏ လူမှုစီးပွားအနေအထား၊ လူမှုအုပ်စုများ၏ စုဖွဲ့ဖြစ်တည်ပုံနှင့် နိုင်ငံရေးယဉ်ကျေးမှုတို့အပေါ်၌သာ အခြေခံခိုင်ခိုင် ဆောင်ရွက်ရသည့် သဘောရှိသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဒီမိုကရက်တိုင်ဇေးရှင်း ပုံစံမျိုးစုံဖြင့် ပြောင်းလဲဆောင်ရွက်ခဲ့ကြသော်လည်း မြန်မာနိုင်ငံ၏ ဒီမိုကရက်တိုင်ဇေးရှင်းပုံစံမှာ ဒီမိုကရေစီ နှုန်းစံများကို အခြေပြုစတင်ခဲ့ခြင်းမဟုတ်ဘဲ တိုင်းပြည်၏ ပကတိအခြေအနေနှင့် လူမှုစီးပွားဖြစ်ထွန်းမှု၊ သမိုင်းကြောင်းတစ်လျှောက် ကြုံတွေ့ခဲ့ရသည့် နိုင်ငံရေး ဓလေ့ ဖွံ့ဖြိုးမှုတို့အပေါ် အခြေခံစဉ်းစား၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းပြီးပုံစံ (Imposed Transition) ဖြင့် ကူးပြောင်းရသည့် ပြောင်းလဲမှုဖြစ်စဉ်ဖြစ်သည်။ တစ်နည်းအားဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ကူးပြောင်းရေးလုပ်ငန်းစဉ်များအတွက် မပျက်မကွက် လိုက်နာဆောင်ရွက်ရမည့် အသက်ခန္ဓာကြီးတစ်ခုပင် ဖြစ်သည်ကို နိုင်ငံရေးတွင် ပါဝင်ပတ်သက်ကြသည့် ပုဂ္ဂိုလ်အားလုံး သိထားရပေမည်။

**ယနေ့ဖြစ်စဉ်**

ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ အရ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်၏ အာဏာ ၃ ရပ်ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ လွှဲအပ်တာဝန်ပေးအပ်ခဲ့သည်။

ဆယ်စုနှစ်တစ်ခုခန့် အရှိန်ယူအစပျိုးခဲ့သည့် ဒီမိုကရေစီခရီးလမ်း ခေတ္တရပ်ဆိုင်းခဲ့ရသည်ဟု ဆိုရမည်။ မည်သည့်ပယောဂ၊ မည်သည့်အနှောင့်အယှက်များရှိခဲ့သည်ကို အားလုံးသိကြပြီးဖြစ်သော်လည်း ရှေ့ဆက်လက်ချီတက်မည့် လမ်းခရီးအတွက် နိုင်ငံသားတိုင်းက မည်သို့ ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြရမည်ကို စဉ်းစားကြရမည် ဖြစ်သည်။

ယခုဖြစ်စဉ်သည် ၂၀၂၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲ၏ ဘေးထွက်ဆိုးကျိုးတစ်ခုဟု မှတ်ယူနိုင်သော်လည်း ရှေ့ဆက်ကြရမည့်ခရီးအတွက် နိုင်ငံသားအားလုံးက မှန်ကန်စွာသုံးသပ်ရှုမြင် ချင့်ချိန်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ယနေ့နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တပ်မတော်က လွှဲပြောင်းရယူပြီးချိန်၌ အောက်ပါလုပ်ငန်းတာဝန် (၅)ရပ်ကို အောင်မြင်စွာ ဆောင်ရွက်မည်ဟု ကြေညာထားခဲ့သည်–

(၁) ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်။

(၂) လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိရောက်စွာ ဆက်လက်ဆောင်ရွက်သွားမည်။

(၃) COVID-19 ကပ်ရောဂါကြောင့် ထိခိုက်သည့် စီးပွားရေးလုပ်ငန်းများကို ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားပေးသွားမည်။

(၄) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ်နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

လက်ရှိအချိန်တွင် တပ်မတော်အနေဖြင့် ယင်းလုပ်ငန်းကြီး(၅)ရပ်ကို အောင်မြင်အောင် ဖော်ဆောင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ လုပ်ငန်းများ ဆောင်ရွက်နေသည်ကိုလည်း တွေ့မြင်နေရသည်။

**တွေးဆဆင်ခြင် ရှုမြင်နိုင်ဖို့**

ဆရာကြီးမောင်စူးစမ်းက **“Democracy Transaction မှာ သွားတဲ့ပုံစံက သုံးမျိုး ရှိတယ်။ နံပါတ်(၁)က Street Politics လို့ခေါ်တဲ့ လမ်းပေါ်နိုင်ငံရေး၊ နံပါတ်(၂)က Influence Politics လို့ခေါ်တဲ့ တခြားနိုင်ငံတွေက ဖိအားပေးတဲ့ နိုင်ငံရေး၊ နံပါတ် (၃)က Electoral Politics လို့ခေါ်တဲ့ ရွေးကောက်ပွဲနိုင်ငံရေးဆိုပြီး ရှိတယ်။ အဲဒီသုံးခုထဲကနေပြီးတော့မှ ကျန်တာနှစ်ခုကို ဖယ်ပြီး အဓိက ဇောင်းပေးသင့်တာကတော့ Electoral Politics ပါ။ ဒါမှလည်း တိုင်းပြည်ရဲ့ တည်ငြိမ်မှု (Stability) ကို ရမယ်။ ပြီးတော့ ရွေးကောက်ပွဲကသာလျှင် စစ်မှန်တဲ့ ဒီမိုကရေစီသို့ အသွင်ပြောင်းရေးအတွက် သွားရာလမ်းကြောင်း ဖြစ်နေလို့ပဲ”** ဟု ပြောခဲ့ဖူးသည်။

ယနေ့တပ်မတော်က ဆောင်ရွက်နေသည့် လုပ်ငန်းများတွင် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား နိုင်ငံတော်တာဝန်ကို လွှဲအပ်ပေးမည်ဆိုသည့် တာဝန်တစ်ခု ပါဝင်နေသည်။

နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဝင်မည့် နိုင်ငံရေးသမားများအနေဖြင့် ရွေးကောက်ပွဲနိုင်ငံရေးကို ဇောင်းပေးဆောင်ရွက်သင့်သည်။ တိုင်းပြည်တည်ငြိမ်မှုအတွက် ဝိုင်းဝန်းကူညီပေးသင့်သည်။ ရွေးကောက်ပွဲကို ဗဟိုပြုသည့် နိုင်ငံရေးမျိုးဆောင်ရွက်သင့်ပြီး လမ်းပေါ်နိုင်ငံရေးမျိုး ရှောင်ရှားသင့်သည်။ လက်ရှိအခြေအနေကို တည်တည်ငြိမ်ငြိမ်ဖြင့် ဖြတ်သန်းသင့်သည်ဟု အကြံပြုလိုသည်။

ယခုအချိန်တွင် အချို့သော နိုင်ငံရေးသမားများက ပြည်သူများ၊ လူငယ်များနှင့် ဝန်ထမ်းများကို နည်းလမ်းမျိုးစုံဖြင့် လှုံ့ဆော်၍ လမ်းပေါ် တွန်းတင်ပေးနေကြသည်။ တိုင်းပြည်တည်ငြိမ်မှုပျက်ပြားအောင် အကွက်ကျကျ စီမံဆောင်ရွက်နေကြသည်။ ပွဲလန့်အောင်လုပ်၍ ဖျာခင်းရန် ကြိုးစားနေကြသည်ကို စိတ်မကောင်းဖွယ် တွေ့မြင်နေရသည်။

ယနေ့ဖြစ်ပေါ်နေသည့် ဖြစ်စဉ်များကို ပြန်ကြည့်ပါက ၂၀၂၀ ရွေးကောက်ပွဲနှင့်ပတ်သက်၍ မဲစာရင်းကွာခြားမှုများရှိနေသဖြင့် တပ်မတော်က ဖြေရှင်းပေးရန် တောင်းဆိုချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပျက်ကွက်ခဲ့သည်။ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေး ခေါ်ယူဖြေရှင်းပေးရန် တပ်မတော်၏ တောင်းဆိုချက်အပေါ် ဆောင်ရွက်ပေးရန် ပျက်ကွက်ခဲ့သည်။ ထို့ပြင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးခေါ်ယူပေးရန် တပ်မတော်က နှစ်ကြိမ် တင်ပြခဲ့သော်လည်း ငြင်းပယ်ခဲ့သည့်အတွက် ယခုကဲ့သို့ အရေးပေါ်အခြေအနေ ကြေညာခဲ့ရသည်ကို အားလုံးအသိပင် ဖြစ်သည်။ ဤအခြေအနေကြောင့် တပ်မတော်က နိုင်ငံတော်တာဝန်ကို ရယူခဲ့ရပြီး တည်ဆဲအခြေခံဥပဒေအရ ဆောင်ရွက်ခြင်းလည်း ဖြစ်သဖြင့် ဝိုင်းဝန်းကူညီပေးကြရန်သာ တိုက်တွန်းလိုပါသည်။

လက်ရှိအခြေအနေနှင့်ပတ်သက်၍ ရန်ကုန်တိုင်းမ်ဂျာနယ်အတွဲ(၅) အမှတ်(၁၆)တွင် ဆရာကြီး မောင်စူးစမ်းက **“ပါတီတွေကလည်း Infrastructure based policy ကို အခြေပြုရမယ်။ လက်ရှိထက် ဘာကောင်းအောင် လုပ်နိုင်မလဲလို့ စဉ်းစားရမယ်။ ခင်းထားတဲ့လမ်း လျှောက်တတ်ဖို့လိုမယ်။ လမ်းပေါ်ထွက်ပြီး Radical ဆန်ဆန်လုပ်တဲ့ Latin America ဒီဇိုင်းတွေကို စွန့်ပစ်သင့်ပြီ။ ဘယ်သူမှ အကျိုးမရှိဘူး။ စနစ်သစ်မှာ အတွေ့အကြုံသစ်နဲ့ လုပ်ရမယ်”**ဟု ပြောခဲ့ဖူးသည်ကို အမှတ်ရစေချင်ပါသည်။

**ညီညွတ်ကြပါစို့**

မြန်မာနိုင်ငံသည် ဒုတိယကမ္ဘာစစ်အပြီး ဒီမိုကရက်တိုင်ဇေးရှင်း ဒုတိယလှိုင်းနှင့်အတူ ပေါ်ထွက်ခဲ့သော်လည်း အချိန်ကာလအားဖြင့် ဆယ်စုနှစ်တစ်ခုခန့်သာ အသက်ဝင်နိုင်ခဲ့သည်။ ၁၉၆၂ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံ၏ နိုင်ငံရေးရှုမျှော်ခင်းမှာ ဒီမိုကရေစီပျောက်ကွယ်ခဲ့ပြီး နိုင်ငံရေး လှိုင်းဂယက်များကြားတွင်သာ ကျင်လည်ခဲ့ကြရသည်။

၁၉၈၈ ခုနှစ်မှစ၍ တပ်မတော်မှပုံဖော်တည်ဆောက်ပေးခဲ့သည့် မြန်မာ့ဒီမိုကရက်တိုင်ဇေးရှင်းသည် အတော်အတန် အရှိန်ရလာသော်လည်း ၂၀၂၀ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲ၏ လှိုင်းဂယက် ဝဲသြဃများကြောင့် ခေတ္တရပ်နားခဲ့ရပြန်ပါသည်။

ယနေ့အချိန်တွင် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် သတိပြုဆင်ခြင်သင့်သည့်အချက်မှာ မိမိတို့နိုင်ငံကို စစ်မက်ဖြစ်ပွားနေသည့် တိုင်းပြည်အဖြစ်မှ ငြိမ်းချမ်းသော၊ ဖွံ့ဖြိုးတိုးတက်သော တိုင်းပြည်အဖြစ်သို့ ဝိုင်းဝန်းထူထောင်ကူးပြောင်းကြရန်ဖြစ်သည်။ ပြည်တွင်းနိုင်ငံရေးဖြစ်စဉ်များတွင် ပြည်ပ ပယောဂအနှောင့်အယှက်များ ကင်းရှင်းပြီး တိုင်းရင်းသားအချင်းချင်း၊ နိုင်ငံသားအချင်းချင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအဖြေရှာရန် ဖြစ်သည်။ ဆူပူအုံကြွမှုများကို ဖန်တီးပြီး နောက်ကြောင်းပြန်သည့်ဘဝမျိုးကို လုံးဝရှောင်ကြဉ်ကြရပေမည်။ ယနေ့အချိန်တွင် တပ်မတော်အနေဖြင့် သမိုင်းပေးလိုအပ်ချက်အရ နိုင်ငံ့တာဝန်များကို ရယူဆောင်ရွက်နေရသည်ကို နားလည်သိမြင်ပြီး တည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် စစ်မှန်သည့် ဒီမိုကရေစီစနစ် အကောင်အထည်ဖော်ဆောင်မှု လုပ်ငန်းစဉ်များတွင် နိုင်ငံသားတစ်ဦးအနေဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ကြခြင်းကသာ လက်တွေ့အလုပ်ဖြစ်မည် ထင်ပါသည်။ ။

> **ယနေ့အချိန်တွင် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် သတိပြုဆင်ခြင်သင့်သည့်အချက်မှာ မိမိတို့နိုင်ငံကို စစ်မက်ဖြစ်ပွားနေသည့် တိုင်းပြည်အဖြစ်မှ ငြိမ်းချမ်းသော၊ ဖွံ့ဖြိုးတိုးတက်သော တိုင်းပြည်အဖြစ်သို့ ဝိုင်းဝန်းထူထောင်ကူးပြောင်းကြရန်ဖြစ်သည်။ ပြည်တွင်းနိုင်ငံရေးဖြစ်စဉ်များတွင် ပြည်ပ ပယောဂအနှောင့်အယှက်များ ကင်းရှင်းပြီး တိုင်းရင်းသားအချင်းချင်း၊ နိုင်ငံသားအချင်းချင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအဖြေရှာရန် ဖြစ်သည်။ ဆူပူအုံကြွမှုများကို ဖန်တီးပြီး နောက်ကြောင်းပြန်သည့်ဘဝမျိုးကို လုံးဝရှောင်ကြဉ်ကြရပေမည်**

# စားသုံးသူ အကာအကွယ်ပေးရေး၊ ပြည်တွင်းကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချမှုဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည့်အခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

စားသုံးသူရေးရာဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စားသုံးသူအကာအကွယ်ပေးရေး၊ ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချမှုဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ (၁)၌ ကျင်းပသည်။

**ဆောင်ရွက်သွားရမည်**

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကုန်သွယ်မှုလမ်းကြောင်းများ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့ ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များသည် အောင်မြင်သည့်လမ်းကြောင်းပေါ်တွင် ရောက်ရှိနေသည့်အတွက် ယင်းအခြေအနေအား ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးဌာန (CICC) များမှလည်း စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

မိမိတို့ဝန်ကြီးဌာနမှ ပြည်ပနိုင်ငံများ၌ တာဝန်ပေးအပ်ထားသည့် စီးပွားရေးသံမှူးများအနေဖြင့်လည်း သက်ဆိုင်ရာနိုင်ငံအလိုက် မြန်မာ့ထွက်ကုန်ပစ္စည်း အမယ်သစ်များအတွက် ဈေးကွက်အသစ်ရရှိရေးနှင့် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးတို့ကို ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ စီးပွားရေးသံမှူးများက လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏ စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် များစွာအထောက်အကူဖြစ်စေသည့်အတွက် Project- based နှင့် Results-based များကို ကျင့်သုံးဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**ဖြည့်စွက်မှာကြား**

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ချိုက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းတင်ပြပြီး အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းက ထပ်မံဖြည့်စွက် ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။



အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဌာနအကြီးအကဲများနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်၊ ဝန်ထမ်းများနှင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ဟိုတယ်နှင့် ခရီးသွားလာရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမ၌ Social Distancing စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဌာနတာဝန်ခံများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို အောင်အောင်မြင်မြင်နှင့် ရည်မှန်းချက်ထား၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဝန်ထမ်းများအနေဖြင့်လည်း ဟန်ချက်ညီညီ လိုက်ပါဆောင်ရွက်ရန်လိုအပ်ပြီး နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကိုလည်း အလေးထားလိုက်နာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းကို အခြေခံ၍ နိုင်ငံ၏ စီးပွားရေးကို ပိုမိုတိုးတက်ကောင်းမွန်လာစေရန်နှင့် နိုင်ငံတကာတွင်လည်း နိုင်ငံ၏ပုံရိပ်ကောင်းမွန်အောင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ လုပ်သင့်လုပ်ထိုက်သည်ကို ရဲရဲတင်းတင်း လုပ်ကိုင်ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ Social Distancing စနစ်ဖြင့်လည်းကောင်း၊ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်လည်းကောင်း တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် ဝန်ကြီးဌာန၏ လက်ရှိလုပ်ဆောင်နေသော လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ပြီး ရှေ့ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းများတွင်လည်း တာဝန်ကျေပွန်စွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များကို လစ်ဟင်းမှုမရှိစေရန် အထူးသတိပြုစေလိုပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဤဝန်ကြီးဌာနကို ဂရုတစိုက်အထူးအလေးထားပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အစိုးရနှင့် ဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ လိုက်နာ၍ လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနက လက်ရှိချမှတ်ထားသော မူဝါဒများနှင့် လုပ်ငန်းများကို ယခုကာလ မူဝါဒများနှင့်အညီ ကိုက်ညီပါက ပိုမိုကောင်းမွန်အောင် ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ထမ်းများအားလုံး အားသွန်ခွန်စိုက် ညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားကြောင်း သိရသည်။

**သတင်းစဉ်**

## ဒန့်သလွန်ပင်ကို သီးပင်စားပင်အဖြစ် စိုက်ပျိုးခြင်းဖြင့် မိသားစုအပိုဝင်ငွေရ

**ရေနံချောင်း ဖေဖော်ဝါရီ ၉**

အညာဒေသတွင် ဒန့်သလွန်ပင်ကို နေအိမ်ခြံဝင်းများ၌ တစ်နိုင်တစ်ပိုင် စိုက်ပျိုးလာကြပြီး အထူးဂရုစိုက်စရာမလိုသောကြောင့် စရိတ်စကနည်းပါးပြီး အပင်နှစ်နှစ်သားအရွယ်တွင် အရွက်၊ အသီးကို ခူးဆွတ်စားသုံးနိုင်ကာ လက်ရှိဒန့်သလွန်သီး ဈေးကောင်းသောကြောင့် ဝင်ငွေရရှိနေကြောင်း ရေနံချောင်းမြို့ရှိ ဒန့်သလွန်စိုက်ပျိုးသူများထံမှ သိရသည်။

ဒန့်သလွန်ပင်၏ကိုင်းကို ခုတ်ယူ၍ နေအိမ်ဝင်းအတွင်း၌ နှစ်ပေပတ်လည်ကျင်း သို့မဟုတ် နေအိမ်အကျယ်အဝန်းအပေါ် မူတည်ပြီး တစ်ပေခွဲxတစ်ပေ မြေကျင်းများ တူးဖော်ပြီး တစ်ပင်နှင့် တစ်ပင် အကွာအဝေးမှာ အနည်းဆုံးခြောက်ပေခန့်ထား၍ စိုက်ပျိုးနိုင်ကြောင်း သိရသည်။ ဒန့်သလွန်အရွက်ကို ဟင်းချိုအဖြစ်လည်းကောင်း၊ အရွက်ကြော်အဖြစ် လည်းကောင်း၊ ဒန့်သလွန်သီးကို ဟင်းအဖြစ်လည်းကောင်း ချက်ပြုတ်စားသုံးကြသည်။

ရေနံချောင်းမြို့၌ ဒန့်သလွန်သီး ရှစ်တောင့်ပါ တစ်စည်းလျှင် ငွေကျပ် ၃၀၀ ရှိပြီး လက်ကားဈေးမှာ ဒန့်သလွန်သီး အတောင့် ၅၀ လျှင် ငွေကျပ် ၁၅၀၀ ဝန်းကျင် ရောင်းရကြောင်း၊ နေအိမ်တွင် အပင်ရေများများ စိုက်ပါက အပိုဝင်ငွေရကြောင်း စိုက်ပျိုးသူတစ်ဦးထံမှ သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

■

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့




ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ သင့်ရဲ့လက်တွေမှာ ပါရှိလာနိုင်ပါတယ်၊ မျက်နှာကို မထိပါနဲ့။ လက်ကို သန့်သန့်ရှင်းရှင်းထားပါ။ အပြင်ထွက်တိုင်းနှင့် အပြင်မှပြန်လာပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် မကြာခဏ စနစ်တကျဆေးပါ။

# ဘူမိဖသဃမုဒြာ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော်အစိတ်အပိုင်းများကို Modular Trailer ဖြင့် ဆီမီးခုံဆိပ်ကမ်းမှ နေပြည်တော်ကောင်စီနယ်မြေသို့ ဒုတိယအကြိမ်ပင့်ဆောင်ပူဇော်ခြင်းမင်္ဂလာ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် ဘူမိဖသဃမုဒြာ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော် အစိတ်အပိုင်းများကို Modular Trailer ဖြင့် ဆီမီးခုံဆိပ်ကမ်းမှ တည်ထားကိုးကွယ်မည့် နေပြည်တော်ကောင်စီနယ်မြေသို့ ဒုတိယအကြိမ် ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ဆီမီးခုံကျေးရွာအနီး၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တမာဏိတ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုဦးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။


ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်း၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ငါန်းဇွန်မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော်ကြီးအမှူးပြုသော သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ဘူမိဖသဃမုဒြာ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော် အစိတ်အပိုင်းများကို ဆရာတော်ကြီးများ၊ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းနှင့် တပ်မတော်အရာရှိကြီးများက အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်တော်မူကြသည်။

ယင်းနောက် ဘူမိဖသဃမုဒြာ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော် အစိတ်အပိုင်းများအား ပင့်ဆောင်ရန်အတွက် အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ကြပြီး ဘူမိဖသဃမုဒြာ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော် လောင်းလျာပင်မကျောက်တော်ကြီးမှ ပလ္လင်တော်အပိုင်း ၂ နှင့် အပိုင်း ၄ တို့ကို တင်ဆောင်ထားသည့် Modular Trailer များသည် မင်္ဂလာအချိန်တွင် စတင်ပင့်ဆောင်ထွက်ခွာကြရာ ငါန်းဇွန်မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းနှင့် တက်ရောက်လာကြသူများက ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**





# ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဘုရားဖူးမြော်နိုင်ရေးအတွက် စုပေါင်းသန့်ရှင်းရေး ပြုလုပ်၊ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နိုင်ငံတစ်ဝန်းရှိ ဘုရား၊ စေတီပုထိုးများကို ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ခွင့်ပြုပေးသွားမည်ဖြစ်ရာ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို တရားဘာဝနာပွားများနိုင်ရေးနှင့် ဘုရား၊ စေတီပုထိုးများ၏ ပတ်ဝန်းကျင်သန့်ရှင်း သာယာလှပရေးအတွက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ မိုင်းဖြတ်မြို့၊ တာလေမြို့နှင့် မိုင်းယောင်းမြို့တို့ရှိ သမိုင်းဝင်တန်ခိုးကြီး ဘုရား၊ စေတီပုထိုးများ၌ ဘုရားရင်ပြင်တော်များ၊ ကျောင်းဆောင်အဆောက်အအုံများ၊ ဝင်လမ်း၊ ထွက်လမ်းနေရာများနှင့် ပတ်ဝန်းကျင်သန့်ရှင်း သာယာလှပရေးအတွက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် တန်ခိုးကြီးဘုရားများ၊ စေတီပုထိုးများ၌ ကောင်းမှုကုသိုလ် အန္တရာယ်ကင်း ပရိတ်၊ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းများကို ဆောင်ရွက်ကြရာ ယနေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့ရှိ နယ်မြေခံ တပ်မတော်သားများနှင့် မိသားစုဝင်များက သက်ဆိုင်ရာ ဘုရား၊ စေတီပုထိုးများ၌ အန္တရာယ်ကင်း ပရိတ်၊ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ လက်ခံကုသ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာကုသပေးရန် အခက်အခဲများ ဖြစ်ပေါ်မှုများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ ယာယီကုသရေးဆေးရုံများဖွင့်လှစ်၍ တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများဖြင့် စုဖွဲ့ထားရှိကာ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။



တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ တပ်မတော်ဆေးရုံ၌ ဒေသခံတိုင်းရင်းသား ပြည်သူများအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်စိုးက စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

## ဆောင်ရွက်ပေး

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများသို့ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၂၁၅၅ ဦး၊ အတွင်းလူနာ ၁၀၂၈ ဦးကို လွှဲပြောင်းခဲ့ပြီး တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ပြည်သူများကို ကျန်းမာရေး စစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၈၂ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၄၂ ဦး စုစုပေါင်း ၁၂၄ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ထို့အပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၂၁ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၅၁ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ အနာဂတ် မျိုးဆက်သစ်ကလေးငယ် ၇၂ ဦးကို မွေးဖွားနိုင်ခဲ့သည်။

တိုင်းရင်းသားပြည်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများဖြစ်ပေါ်လာပါက နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ အချိန်မရွေး ဆက်သွယ်ဆေးကုသမှု ခံယူနိုင်ကြောင်းနှင့် သက်ဆိုင်ရာဆေးရုံများမှလည်း လွှဲပြောင်းကုသမှုခံယူနိုင်ကြောင်း သိရသည်။

## ကြည့်ရှုအားပေး

ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံသို့ ဆေးရုံလာရောက်ပြသသူများနှင့် ဆေးရုံတက်လူနာများအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စောသန်းလှိုင်နှင့် အဖွဲ့ဝင်များကလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ တပ်မတော်ဆေးရုံသို့ လာရောက်ပြသသူများနှင့် ဆေးရုံတက်လူနာများအား အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် အဖွဲ့ဝင်များကလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံသို့ လာရောက်ပြသသူများနှင့် ဆေးရုံတက်လူနာများအား အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဖြိုးသန့်နှင့် အဖွဲ့ဝင်များကလည်းကောင်း၊ သက်ဆိုင်ရာမြို့နယ်များရှိ နယ်မြေခံတပ်မတော်ဆေးရုံများသို့ ဆေးရုံလာရောက်ပြသသူများနှင့် ဆေးရုံတက်လူနာများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက လည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# သတင်းတု၊ သတင်းမှားများ သတိထား


















# ဗြိတိန်နိုင်ငံ၌ အသုံးပြုနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအပေါ် ယုံကြည်မှုရှိကြောင်း ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင် ပြောကြား

**လန်ဒန် ဖေဖော်ဝါရီ ၉**
တောင်အာဖရိကနိုင်ငံ၌ တွေ့ရှိခဲ့သည့် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကို တိုက်ဖျက်ရာတွင် ထိရောက်မှုရှိခြင်း၊ မရှိခြင်းနှင့် စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုများ မြင့်တက်နေစဉ်တွင် ဗြိတိန်နိုင်ငံ၌ အသုံးပြုနေသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအပေါ် ယုံကြည်မှုရှိကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင် ဗြိတိန်နိုင်ငံ၌ လက်ရှိအသုံးပြုနေသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအမျိုးအစားနှစ်မျိုးစလုံးသည် ကိုရိုနာဗိုင်းရပ်စ်မျိုးကွဲအားလုံးကို တိုက်ဖျက်ရာတွင် ထိရောက်မှုရှိသည်ဟု မိမိအနေဖြင့် ယူဆထားပါကြောင်းလည်း ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ဖေဖော်ဝါရီ ၈ ရက်တွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်၏ အထက်ပါမှတ်ချက်မှာ ဗြိတိန်ဆေးဝါးကုမ္ပဏီ AstraZeneca နှင့် အောက်စ်ဖို့ဒ်တက္ကသိုလ်တို့ ပူးပေါင်းထုတ်လုပ်သည့် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို တောင်အာဖရိကနိုင်ငံက ယာယီရပ်ဆိုင်းထားမည်ဟု ကြေညာခဲ့ပြီးနောက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အောက်စ်ဖို့ဒ်တက္ကသိုလ်မှ သုတေသီများက တောင်အာဖရိကရှိ တက္ကသိုလ်တစ်ခုနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့သည့် လက်တွေ့စမ်းသပ်မှုတစ်ရပ်တွင် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးမှာ ကိုရိုနာဗိုင်းရပ်စ်မျိုးကွဲများကို တိုက်ဖျက်ရာတွင် အထောက်အကူဖြစ်စေခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း ပြောကြားခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အလင်းသစ်**






# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၄၈၀၀၀ ကျော်အထိရှိလာ

**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၉**
မလေးရှားနိုင်ငံ၌ ဖေဖော်ဝါရီ ၉ ရက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၇၆၄ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၂၄၈၃၁၆ ဦးအထိရှိလာခဲ့ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဖေဖော်ဝါရီ ၉ ရက်တွင် ကူးစက်ခံခဲ့ရသည့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ခြောက်ဦးမှာ ပြည်ပမှ လာရောက်သူများဖြစ်ပြီး ၂၇၅၈ ဦးမှာ ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် နူဟီရှန်အဗ္ဗဒူလာက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံ၌ ဇန်နဝါရီ ၃၀ ရက်က တစ်ရက်တည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၂၉၈ ဦးဖြင့် စံချိန်တင်ဖြစ်ပွားခဲ့ပြီးနောက် လက်ရှိတွင် နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက်မှာ လျော့ကျသွားပြီဖြစ်ကြောင်းနှင့် ဆက်လက်လျော့ကျမည်ဟုလည်း မျှော်လင့်ထားကြောင်း ၎င်းကပြောကြားခဲ့သည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်မှာ ၉၁၉ ဦးရှိပြီး ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာ၍ ဆေးရုံများမှဆင်းခွင့်ရရှိသူ ၁၉၆၅၆၆ ဦးရှိကြောင်းလည်း သိရသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူအရေအတွက်သည် နိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက်၏ ၇၉ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်းလည်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# အိန္ဒိယနိုင်ငံနှင့် ကုန်သွယ်မှုကို ၂၀၂၅ ခုနှစ်မတိုင်မီ ဒေါ်လာ ၅၀ ဘီလီယံအထိ တိုးမြှင့်ရန် အင်ဒိုနီးရှားရည်မှန်း

**နယူးဒေလီ ဖေဖော်ဝါရီ ၉**
အိန္ဒိယနိုင်ငံနှင့် ကုန်သွယ်မှုပမာဏကို လက်ရှိ ဒေါ်လာ ၂၀ ဘီလီယံမှ ၂၀၂၅ ခုနှစ်မတိုင်မီ ဒေါ်လာ ၅၀ ဘီလီယံအထိတိုးမြှင့်ရန် အင်ဒိုနီးရှားနိုင်ငံက ရည်မှန်းထားကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံက သတင်းအချက်အလက်နည်းပညာ၊ ကျန်းမာရေးနှင့်ဆေးဝါး၊ လယ်ယာထုတ်ကုန်၊ မော်တော်ကားအပိုပစ္စည်းနှင့် ခရီးသွားလုပ်ငန်းများကဲ့သို့သော နယ်ပယ်များတွင် အိန္ဒိယနိုင်ငံနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရန်စိတ်ဝင်စားနေကြောင်း အိန္ဒိယနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားကောင်စစ်ဝန်ချုပ် အေဂတ်စ်ပီဆပ်တိုနိုက ပြောသည်။ အင်ဒိုနီးရှားနိုင်ငံက အိန္ဒိယနိုင်ငံမှ ဟင်းခတ်အမွှေးအကြိုင်ဝယ်ယူမှု တိုးမြှင့်လိုကြောင်း ယမန်နေ့က ကီရာလာပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ၎င်းက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံအား ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုနေရာတစ်ခုအဖြစ် အင်ဒိုနီးရှားနိုင်ငံက ရှုမြင်ကြောင်း၊ နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ဘက်စုံပါဝင်သော စီးပွားရေးမိတ်ဖက် ဆောင်ရွက်မှုတစ်ရပ် မျှော်မှန်းကြောင်း ၎င်းကဆိုသည်။ အင်ဒိုနီးရှားနိုင်ငံက အိန္ဒိယနိုင်ငံသို့ အထည်အလိပ်၊ အီလက်ထရွန်နစ်၊ ဖိနပ်၊ သစ်ခွဲသားများ အဓိကတင်ပို့ပြီး အိန္ဒိယနိုင်ငံမှဓာတုပစ္စည်း၊ ဆေးဝါး၊ စက်ပစ္စည်း၊ မော်တော်ကားများ အဓိကတင်သွင်းသည်။

အင်ဒိုနီးရှားကုမ္ပဏီများက အိန္ဒိယနိုင်ငံရှိ စားသောက်ကုန်ထုတ်လုပ်ရေးနယ်ပယ်၌ သိသိသာသာ ရင်းနှီးမြှုပ်နှံခဲ့ကြောင်း ၎င်းကပြောသည်။

**ကိုးကား - ဗွီအင်န်အေ**
**ဘာသာပြန် - ကျော်ထိုက်စိုး**



# အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၇၀၀၀၀၀ ကျော်ရှိလာ

**ဂျေရုဆလင် ဖေဖော်ဝါရီ ၉**
အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၉၅၁ ဦး ထပ်မံတွေ့ရှိရသဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၇၀၀၄၇၉ ဦးရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၁၉၂ ဦး ရှိလာပြီး ရောဂါဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာသူပေါင်း ၆၂၅၁၆၇ ဦးရှိကြောင်း သိရသည်။ အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၀ ရက်တွင် စတင်ခဲ့ပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးသူပေါင်း ၃ ဒသမ ၅၄ သန်းကျော်ရှိကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ဆိုင်ရာစည်းမျဉ်းများကို ဖေဖော်ဝါရီ ၇ ရက်မှစတင်ပြီး တဖြည်းဖြည်း စတင်ဖြေလျှော့ပေးခဲ့သော်လည်း စာသင်ကျောင်းများကို ပိတ်ထားဆဲဖြစ်ပြီး ပြည်တွင်း ပြည်ပ လေယာဉ်ခရီးစဉ်များကိုလည်း ပိတ်ပင်ထားကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၀၀၀ ကျော်ရှိခဲ့

**မော်စကို ဖေဖော်ဝါရီ ၉**
ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၀၁၉ ဦးရှိခဲ့ပြီး နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၃၉၉၈၂၁၆ ဦးအထိ ရှိလာခဲ့ကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ဖေဖော်ဝါရီ ၉ ရက်တွင် ပြောကြားခဲ့သည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၃၀ ရှိခဲ့ခြင်းကြောင့် သေဆုံးသူ စုစုပေါင်း ၇၇၅၉၈ ဦးအထိရှိလာခဲ့ကြောင်းလည်း သိရသည်။

ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ဖော်ပြချက်အရ ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၁၇၉၅ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၃၄၉၃၈၈၆ ဦးအထိရှိလာခဲ့ကြောင်းလည်း သိရသည်။

ရုရှားနိုင်ငံ မြို့တော်မော်စကိုသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် သေဆုံးမှုတွင် အများဆုံး ဒေသဖြစ်ပြီး မော်စကိုမြို့၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၈၄ ဦးရှိခဲ့ခြင်းကြောင့် မြို့တော်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၉၄၇၀၃၆ ဦးအထိရှိလာခဲ့ကြောင်းလည်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# မော်လ်ဒိုက်နိုင်ငံ၌ နိုင်ငံသား ၁၂၀၀၀ ကျော်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့

**မာလီ ဖေဖော်ဝါရီ ၉**
မော်လ်ဒိုက်နိုင်ငံ၌ နိုင်ငံသား ၁၂၀၀၀ ကျော်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ထိုးနှံပေးခဲ့ကြောင်း ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာအေဂျင်စီက ယနေ့ ပြောကြားသည်။

ယမန်နေ့အတွင်း လူပေါင်း ၃၁၉၀ အား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးသူပေါင်း ၁၂၉၃၄ ဦးရှိလာကြောင်း သိရသည်။ မော်လ်ဒိုက်နိုင်ငံ၌ ဖေဖော်ဝါရီ ၂ ရက်မှ ၈ ရက်အတွင်း နေ့စဉ် ပျမ်းမျှ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၂၂ ဦးရှိကြောင်းနှင့် လက်ရှိအချိန်တွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ရောဂါ ကူးစက်ခံရသူပေါင်း ၁၆၉၀၉ ဦး ရှိလာခဲ့သည်။

မော်လ်ဒိုက်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုကြောင့် ဆေးရုံတက်ရောက်ကုသမှုခံယူသူ ၂၀၄ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူ ၅၅ ဦးရှိကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းကို ဖေဖော်ဝါရီ ၁ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး နိုင်ငံသားများအားလုံးကို ခြောက်လအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးသွားမည်ဟု သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသဖြစ်ရေး နီးကပ်စွာပူးပေါင်းဆောင်ရွက်ရန် ဘိုင်ဒင်နှင့် မိုဒီတို့ သဘောတူညီ

**ဝါရှင်တန် ဖေဖော်ဝါရီ ၉**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် မိုဒီတို့သည် လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ် ဒေသဖြစ်ရေး နီးကပ်စွာပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြောင်း သိရသည်။


**ပထမဆုံးအကြိမ် ဆက်သွယ်ဆွေးနွေးမှု**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ဖေဖော်ဝါရီ ၈ ရက်တွင် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် မိုဒီနှင့် ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြောင်းနှင့် အဆိုပါဆွေးနွေးမှုသည် အမေရိကန်နိုင်ငံ သမ္မတအဖြစ် ဂျိုးဘိုင်ဒင် စတင်တာဝန်ထမ်းဆောင်ပြီးနောက်ပိုင်း နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦး၏ ပထမဆုံးအကြိမ် ဆက်သွယ်ဆွေးနွေးမှုဖြစ်ကြောင်းလည်း အိမ်ဖြူတော်က ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် မိုဒီတို့သည် ကိုဗစ်-၁၉ ကပ်ရောဂါ တိုက်ဖျက်ရေးတွင် အနီးကပ်လက်တွဲဆောင်ရွက်ရန်၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မိတ်ဖက်ဆောင်ရွက်မှု တိုးမြှင့်ရန်၊ နှစ်နိုင်ငံပြည်သူများ အကျိုးဖြစ်ထွန်းစေမည့် နည်းလမ်းတစ်ရပ်ဖြင့် ကမ္ဘာ့စီးပွားရေး ပြန်လည်တည်ဆောက်ရန်နှင့် ကမ္ဘာ့အကြမ်းဖက်မှုဝါဒ လက်တွဲတိုက်ဖျက်ရန် သန္နိဋ္ဌာန်ချခဲ့ကြောင်းလည်း ထုတ်ပြန်ချက်တစ်ခုအတွင်း အိမ်ဖြူတော်က ပြောကြားသည်။

ထို့ပြင် ဂျိုးဘိုင်ဒင်၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ရည်မှန်းချက်များနှင့် သမ္မတဟောင်း ဒေါ်နယ်ထရမ့် လက်ထက်တွင် နုတ်ထွက်ခဲ့သည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပါရီသဘောတူညီချက်တွင် ပြန်လည်ပါဝင်မည့် အစီအစဉ်ကို မိုဒီက ကြိုဆိုခဲ့ကြောင်း အိန္ဒိယဝန်ကြီးချုပ်ရုံးက ပြောကြားခဲ့သည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အလင်းသစ်







# AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၏ အာနိသင်ထိရောက်မှုကို မဆုံးဖြတ်မီအချက်အလက်များကို ပိုမိုစုဆောင်းရန် လိုအပ်မည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောကြား

**ဂျီနီဗာ ဖေဖော်ဝါရီ ၉**

တောင်အာဖရိကနိုင်ငံ၌ တွေ့ရှိခဲ့သည့် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကို တိုက်ဖျက်ရာတွင် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၏ အာနိသင်ထိရောက်မှုကို မဆုံးဖြတ်မီ အချက်အလက်များကို ပိုမိုစုဆောင်းရန် လိုအပ်မည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ ဂီဘရီယီးဆပ်က ပြောကြားခဲ့သည်။

တောင်အာဖရိကနိုင်ငံကလည်း ဗြိတိန်ဆေးဝါးကုမ္ပဏီ AstraZeneca နှင့် အောက်စ်ဖို့ဒ်တက္ကသိုလ်တို့ ပူးပေါင်းထုတ်လုပ်သည့် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်း ထိုးနှံပေးမည့်အစီအစဉ်ကို ရပ်ဆိုင်းခဲ့ကြောင်း တောင်အာဖရိကအစိုးရက ဖေဖော်ဝါရီ ၈ ရက်တွင် ကြေညာခဲ့သည်။

ထို့ပြင် ပဏာမလက်တွေ့စမ်းသပ်စစ်ဆေးမှုဆိုင်ရာ အချက်အလက်များအရ အဆိုပါ AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် တောင်အာဖရိကနိုင်ငံ၌ တွေ့ရှိခဲ့သည့် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်အား တိုက်ဖျက်ရာတွင် ထိရောက်မှုအားနည်းချက်များကို တွေ့ရှိခဲ့ကြောင်း ဖော်ပြထားသည်။

ယင်းသို့ AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၏ ထိရောက်မှုအားနည်းချက်သည် အမှန်တကယ် စိုးရိမ်ဖွယ်ရာ အခြေအနေပင်ဖြစ်ကြောင်းလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ ဂီဘရီယီးဆပ်က ဖေဖော်ဝါရီ ၈ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်

# အိန္ဒိယမြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် ရေခဲတောင်ပြိုကျမှုဖြစ်စဉ်အတွင်း သေဆုံးသူ ၂၆ ဦးအထိရှိလာပြီး ၁၈၀ ကျော် ပျောက်ဆုံးလျက်ရှိ

**နယူးဒေလီ ဖေဖော်ဝါရီ ၉**

အိန္ဒိယနိုင်ငံမြောက်ပိုင်း တောင်တန်းဒေသဖြစ်သော ဥတ္တရာခန်းပြည်နယ်တွင် ဖေဖော်ဝါရီ ၇ ရက်က ရေခဲတောင်ပြိုကျမှု ဖြစ်ပွားခဲ့ပြီးနောက် လက်ရှိအချိန်အထိ သေဆုံးသူဦးရေ ၂၆ ဦးအထိရှိလာခဲ့ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ဆင်ဟွာသတင်းဌာနသို့ ယနေ့အတည်ပြုပြောကြားသည်။

ထို့အပြင် ရေခဲတောင်ပြိုကျမှုကြောင့် ထိခိုက်ခဲ့သည့် ဒေသများတွင် လူ ၁၈၀ ကျော် ပျောက်ဆုံးနေဆဲဖြစ်သည့်အတွက် တာဝန်ရှိသူများသည် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ရေခဲတောင်ပြိုကျမှုကြောင့် သေဆုံးသူနှင့် ပျောက်ဆုံးသူများမှာ ဥတ္တရာခန်း၊ ဥတ္တာပရာဒေ့ရှ်၊ အနောက်ဘင်္ဂလား၊ ဘီဟာ၊ ဂျဟာခန့်စသည့်ပြည်နယ်နှင့် ဒေသများမှလာရောက်ကာ ရေအားလျှပ်စစ်စီမံကိန်းတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် အလုပ်သမားများဖြစ်ကြပြီး အချို့သည် နီပေါနိုင်ငံမှလာသော အလုပ်သမားများဖြစ်ကြောင်း သိရသည်။

ရေခဲတောင်ပြိုကျမှုကြောင့် အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းကို ဆိုးရွားစွာ ထိခိုက်ပျက်စီးသွားကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-ဂျေတီ



# တောင်ကိုရီးယားနိုင်ငံ၌ ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၂၆ ဦး ထပ်မံတွေ့ရှိ



**ဆိုးလ် ဖေဖော်ဝါရီ ၉**

တောင်ကိုရီးယားနိုင်ငံ၌ ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၂၆ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၈၀ ရှိလာခဲ့ကြောင်း ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများက ယနေ့ ပြောကြားသည်။

ယခုထပ်မံကူးစက်ခံရသူများတွင် ၂၂ ဦးမှာ ပြည်ပမှ ကူးစက်လာခြင်းဖြစ်ပြီး ကျန်လေးဦးမှာ ပြည်တွင်းတွင် ကူးစက်ခံရသူများဖြစ်ကြောင်း ကိုရီးယားကူးစက်ရောဂါ ထိန်းချုပ်ရေးနှင့်ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။ ထို့ကြောင့် တောင်ကိုရီးယားနိုင်ငံတွင် ဗြိတိန်ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၆၄ ဦး၊ တောင်အာဖရိက ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၀ ဦးနှင့် ဘရာဇီး ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ခြောက်ဦးတွေ့ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံအနေဖြင့် နိုင်ငံအတွင်း ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်များပျံ့နှံ့မှုအား တားဆီးနိုင်ရန်အတွက် ဗြိတိန်မှလာသော ခရီးသည်တင်လေယာဉ်များအား နိုင်ငံအတွင်း ဝင်ရောက်ခွင့်ကို ဒီဇင်ဘာ ၂၃ ရက်မှ စတင်ပြီး ပိတ်ပင်ခဲ့သည်။ တောင်ကိုရီးယားနိုင်ငံသို့ ပြည်ပမှ လာရောက်မည့်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ နှစ်ကြိမ်စစ်ဆေးရန်လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# တရုတ်စစ်ဘက်က လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပါကစ္စတန်နိုင်ငံ လက်ခံရရှိ

**အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၉**

ပါကစ္စတန်နိုင်ငံ မြို့တော် အစ္စလာမ္မာဘတ်၌ ဖေဖော်ဝါရီ ၈ ရက်တွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပထမအသုတ် လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်အနေဖြင့် ပါကစ္စတန်စစ်ဘက်၏ စာရေးသားတောင်းဆိုမှုအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအသုတ်ကို ဖေဖော်ဝါရီ ၈ ရက်တွင် ဖြန့်ချိပေးခဲ့ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံ၏ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံက လက်ဆောင်အဖြစ် ပေးအပ်သည့် Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ပြီးခဲ့သည့် သီတင်းပတ်အတွင်းက ပါကစ္စတန်နိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ပါကစ္စတန်နိုင်ငံသည် တရုတ်နိုင်ငံအစိုးရက လှူဒါန်းသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ လက်ခံရရှိသည့် ကမ္ဘာ့ပထမဆုံးနိုင်ငံ ဖြစ်လာခဲ့ကြောင်းနှင့် ပါကစ္စတန်စစ်ဘက်သည်လည်း တရုတ်စစ်ဘက်က အထောက်အပံ့ပေးသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမဆုံး လက်ခံရရှိခြင်းဖြစ်ကြောင်းလည်း ပါကစ္စတန်နိုင်ငံရှိ တရုတ်သံရုံးက ဖေဖော်ဝါရီ ၈ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ယခုနှစ်သည် တရုတ်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးတည်ထောင်မှု နှစ် ၇၀ ပြည့် ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံအကြား စစ်ဘက်ဆိုင်ရာဆက်ဆံရေးသည်လည်း နှစ်နိုင်ငံအပြန်အလှန်ဆက်ဆံရေး၏ အရေးကြီးသည့် မှတ်တိုင်တစ်ရပ်ဖြစ်ကြောင်းလည်း ပါကစ္စတန်နိုင်ငံရှိ တရုတ်သံရုံး၏ ကာကွယ်ရေးသံတမန် ချန်ဝင်ရှန်က ပြောကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်






## ဂရိနိုင်ငံက AstraZeneca ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအသုတ် လက်ခံရရှိ

**အေသင် ဖေဖော်ဝါရီ ၉**

ဂရိနိုင်ငံက AstraZeneca ကိုဗစ်-၁၉ ကာကွယ်ဆေးပထမအသုတ် လက်ခံရရှိခဲ့ပြီး ဖေဖော်ဝါရီ ၁၅ ရက်တွင် ကာကွယ်ဆေးထိုးနှံမှုစတင်မည်ဟု ကျန်းမာရေးဝန်ကြီးဌာနမှ အကြီးတန်းအရာရှိ မာရီယိုသီမစ်တိုက လောက်စ်က ဝန်ကြီးဌာန၏ သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

"ကျွန်တော်တို့ မနေ့က AstraZeneca ဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ ၄၅၀၀၀ လက်ခံရရှိခဲ့ပြီး လာမယ့်ရက်တွေမှာ ကာကွယ်ဆေးတွေ ထပ်မံရရှိမယ်လို့ မျှော်မှန်းပါတယ်" ဟု ၎င်းက ဆိုသည်။ ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများကဲ့သို့ အမျိုးသားကာကွယ်ဆေးကော်မတီက အသက် ၆၅ နှစ်အောက် ပြည်သူများနှင့် ကာကွယ်ဆေးထိုးနှံရန် ဆုံးဖြတ်ခဲ့ကြောင်း ၎င်း၏ ပြောကြားချက်အရ သိရသည်။

၎င်းကဲ့သို့ ဆောင်ရွက်ရခြင်းမှာ အသက် ၆၅ နှစ်အထက် ပြည်သူများအတွက် ကာကွယ်ဆေး ထိုးနှံမှုနှင့်ပတ်သက်သော သိပ္ပံဆိုင်ရာသုတေသန ပြုလုပ်ထားမှုမရှိသောကြောင့်ဖြစ်သည်။

ကိုးကား-စပွတ်ညစ်၊ ဘာသာပြန်-ကျော်ထိုက်စိုး

## သက်ကြီးရွယ်အိုများအတွက် တရုတ်နိုင်ငံထုတ် ကိုဗစ်ကာကွယ်ဆေး ၈၆ ရာခိုင်နှုန်း ထိရောက်မှုရှိ

**ရာဘတ် ဖေဖော်ဝါရီ ၉**

တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် သက်ကြီးရွယ်အို များအတွက် ထိရောက်မှုရှိသောကြောင့် မော်ရိုကိုနိုင်ငံအနေဖြင့် ယင်းကာကွယ်ဆေးကို အသက် ၆၀ နှင့်အထက်ရှိ သက်ကြီးရွယ်အို များအတွက် ဆက်လက်အသုံးပြုသွားမည် ဖြစ်ကြောင်း မော်ရိုကိုအာဏာပိုင်များက ယနေ့ပြောကြားသည်။

ကိုဗစ်ကာကွယ်ဆေး ထိုးနှံမှုခံယူထားသည့် အသက် ၆၀ နှင့်အထက်ရှိပြည်သူများကို တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုခံယူထားသော အခြားအသက် ၆၀ နှင့် အထက်ရှိ သက်ကြီးရွယ်အိုများနှင့် နှိုင်းယှဉ်ကြည့်ပါက တရုတ်ထုတ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူသူများတွင် ဆိုးကျိုးမရှိသည်ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုလှုပ်ရှားမှုမှ ရရှိထားသည့် အချက်အလက်များက ပြသထားကြောင်း မော်ရိုကို ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။



မော်ရိုကိုနိုင်ငံ၌ တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူခဲ့သည့် လူရှစ်ဦးတွင် ဘေးထွက်ဆိုးကျိုးတွေ့ရှိခဲ့ပြီး ယင်းပမာဏသည် လူ ၁၀၀၀၀ လျှင် ၂ ဒသမ ၂ ဦးမျှသာရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ရှင်းလင်းပြောကြားသည်။

မော်ရိုကိုနိုင်ငံတွင် ပြုလုပ်ခဲ့သည့် တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးအား အဆင့်သုံးဆင့်ဖြင့် စမ်းသပ်မှုများအရ Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် အသက် ၆၀ နှင့် အထက်ရှိ သက်ကြီးရွယ်အိုများအတွက် ၈၆ ရာခိုင်နှုန်းခန့်ထိရောက်မှုရှိပြီး ကောင်းမွန်သော ဘေးကင်းလုံခြုံမှုရှိသည်ကို သက်သေပြသထားကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

မော်ရိုကိုအစိုးရသည် တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် အောက်စဖို့ဒ်တက္ကသိုလ်နှင့် ဗြိတိန်-ဆွီဒင် ဆေးဝါးကုမ္ပဏီထုတ် AstraZeneca ကာကွယ်ဆေးများအား လက်ခံရရှိခဲ့ပြီးနောက် ဇန်နဝါရီ ၂၉ ရက်က နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို စတင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ

## အီရန်နိုင်ငံ၌ ရုရှားနိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု စတင်

**တီဟီရန် ဖေဖော်ဝါရီ ၉**

အီရန်အစိုးရသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ယနေ့မှစ၍ ဆောင်ရွက်နေပြီဖြစ်ကြောင်း နိုင်ငံပိုင်ရုပ်သံလွှင့်ဌာနက ပြောကြားသည်။

နိုင်ငံတစ်ဝန်း ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ကျန်းမာရေးဝန်ထမ်းများကို ထိုးနှံပေးခြင်းဖြင့် စတင်ခဲ့ကြောင်း အီရန်သမ္မတ ဟာဆန်ရိုဟာနီက တီဟီရန်မြို့ရှိ ဆေးရုံတစ်ရုံတွင် ပြုလုပ်သော ကိုဗစ်ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ဖွင့်ပွဲ အခမ်းအနား တစ်ရပ်တွင် ပြောကြားခဲ့သည်။

အီရန်အစိုးရသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို ရုရှားထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြင့် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ပြည်သူ သန်း ၈၀ ကျော်အား ကာကွယ်ဆေးထိုးနှံပေးရန် စီစဉ်ထားသည်။



ရုရှားနိုင်ငံမှ တင်သွင်းသည့် ပထမအသုတ် Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် ဖေဖော်ဝါရီ ၄ ရက်က တီဟီရန်လေဆိပ်သို့ ရောက်ရှိခဲ့ပြီး ဒုတိယနှင့် တတိယအသုတ် ကာကွယ်ဆေးတင်သွင်းမှုကို ဖေဖော်ဝါရီ ၁၈ ရက်နှင့် ၂၈ ရက်တွင် အီရန်နိုင်ငံသို့ အသီးသီး ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

အီရန်နိုင်ငံသည် ရုရှားထံမှ Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ နှစ်သန်းခန့် ဝယ်ယူထားသည့်အပြင် အောက်စဖို့ဒ်တက္ကသိုလ်နှင့် ဗြိတိန်-ဆွီဒင်ဆေးဝါး ကုမ္ပဏီထုတ် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၄ ဒသမ ၂ သန်းကိုလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဦးဆောင်သည့် Covax အစီအစဉ်မှတစ်ဆင့် ဝယ်ယူထားကြောင်း အီရန်ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကီယာနောက်စ် ဂျဟန်ပူရ်က အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

လက်ရှိအချိန်အထိ အီရန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁ ဒသမ ၄ သန်းခန့်ရှိပြီး ယင်းတို့ အနက် ၅၈၅၀၀ ကျော်သည် ထိုရောဂါဖြင့် သေဆုံးခဲ့ရာ ယခုအခါ အီရန်နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသတွင် ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံးထိခိုက်လျက်ရှိသည့်နိုင်ငံ ဖြစ်လာခဲ့သည်။

အီရန်နိုင်ငံသည် ပထမဆုံးပြည်တွင်းဖြစ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးစမ်းသပ်မှုကို ယမန်နှစ် ဒီဇင်ဘာလနှောင်းပိုင်းက စတင် ပြုလုပ်ခဲ့ပြီး ယခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ၎င်း၏ ပြည်တွင်းဖြစ် ဒုတိယကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးစီမံကိန်းကို ထုတ်ဖော်ပြသခဲ့သည်။

အီရန်အစိုးရသည် Razi Cov Pars ဟု အမည်ပေးထားသော ၎င်း၏ ဒုတိယ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အယ်လ်ဘော့ဇ် ပြည်နယ်၏ မြို့တော် ကာရတ်ဂျ်မြို့ရှိ Razi Vaccine နှင့် Serum ဆေးဝါးသုတေသန ကုမ္ပဏီတွင် ထုတ်လုပ်ခဲ့ကြောင်း အီရန်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးကော်မတီ အဖွဲ့ဝင် မာဆောက် ဆိုလေမာနီက ပြောကြားသည်။

ကိုးကား – အေအက်ဖ်ပီ
ဘာသာပြန် – ဂျေတီ

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံး အခြေအနေ**

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၁၀၇၀၈၃၇၅၄ ဦး

သေဆုံးသူ ၂၃၃၈၃၇၂ ဦး

ပြန်လည်ကျန်းမာလာသူ ၇၈၈၈၉၀၅၅ ဦး











## ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် တာကော်တံတား ပူးပေါင်းစစ်ဆေးရေးစခန်း၌ ငွေကျပ်သိန်း ၂၄၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် တာကော်တံတား ပူးပေါင်းစစ်ဆေးရေးစခန်း၌ ငွေကျပ်သိန်း ၂၄၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကွန်ဟိန်းမြို့နယ် တာကော်တံတား ပူးပေါင်းစစ်ဆေးရေးစခန်း၌ ခိုလမ်မှ မိုင်းပျဉ်းဘက်သို့ ယာဉ်မောင်း ဇော်မင်းလတ်(ခ) ကိုလတ် မောင်းနှင်သော ယာဉ်ကိုရှာဖွေရာ ငွေကျပ်သိန်း ၂၄၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁၆ ဒသမ ၂၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ သိမ်းဆည်းရမိ ဘိန်းဖြူများကို မိုင်းရှူးမြို့မှ တာချီလိတ်မြို့သို့ သယ်ဆောင်ရောင်းဝယ်သူများဖြစ်ကြသည့် အိုက်ဖုန်းနှင့် ထွန်းထွန်းနိုင်တို့အား ကာလိမြို့၌လည်းကောင်း၊ ကောင်းမြတ်ဇင်အား တောင်ကြီးမြို့ ချမ်းသာကုန်းရပ်ကွက်၌လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများ ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရထားသံလမ်းပေါ်အိပ်ပျော်နေသော အမျိုးသားနှစ်ဦး ရထားကြိတ်မိပြီး သေဆုံး

**ကျောင်းကုန်း ဖေဖော်ဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ဖြိုက်ကြီးကျေးရွာအနီး၌ ယမန်နေ့ မွန်းလွဲပိုင်းက အမျိုးသားနှစ်ဦး ရထားကြိတ်မိပြီး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လှည်းဆိပ်ရဲကင်းစခန်းမှူး ဒုတိယရဲအုပ်သက်အောင်သည် ရဲကင်းစခန်း၌ ရဲကင်းမှူးတာဝန်ထမ်းဆောင်နေစဉ် ကြံခင်းမြို့မှ ပုသိမ်မြို့သို့ စက်ခေါင်းမောင်း ဦးဝင်းလတ် မောင်းနှင်လာသော ရထားစက်ခေါင်းအမှတ် DF 1207 ရထားအမှတ်(၁၈၂)အစုန်/အမြန် ရထားသည် ဖြိုက်ကြီးကျေးရွာအနီး ရထားလမ်းမိုင်တိုင်အမှတ် ၁၆၈/၃ နှင့် ၁၆၈/၄ ကြား အရောက်တွင် ရထားသံလမ်းပေါ်၌ အိပ်နေသော အမျိုးသားနှစ်ဦးအား ကြိတ်မိကာ သေဆုံးသွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ သေဆုံးသူ အင်္ကျီအိတ်အတွင်းမှ တွေ့ရသော မှတ်ပုံတင်အရ မြန်အောင်မြို့နယ် အင်ပင်မြို့နေသူများဖြစ်ပြီး ရထားလမ်းဘေး၌ ပေါက်နေသော ကိုင်းပင်များအား ခုတ်ယူစုဆောင်းသူများဖြစ်ကြောင်း၊ ရထားလမ်းပေါ်တွင် အိပ်ပျော်နေစဉ် ရထားကြိတ်ခံရကြောင်း သိရှိရသဖြင့် သေဆုံးသူနှစ်ဦးအား မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ကျောင်းကုန်းမြို့မရဲစခန်းက သေမှုသေခင်းအမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



# နေပြည်တော်ကောင်စီနယ်မြေအတွင်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်းရှိ မြို့နယ်များ၌ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၁၄၄ အရ အမိန့်ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နေပြည်တော်ကောင်စီနယ်မြေအတွင်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်းရှိ မြို့နယ်များ၌ ဖေဖော်ဝါရီ ၈ ရက်နှင့် ယနေ့တွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၁၄၄ အရ အမိန့်ထုတ်ပြန်ခဲ့သည်။

ထိုသို့ထုတ်ပြန်ရာတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပျဉ်းမနားမြို့နယ်များအတွင်း၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ် (ကိုကိုးကျွန်းမြို့နယ်မပါ)အတွင်း၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ မြင်းခြံမြို့နယ်နှင့် အမရပူရမြို့နယ်များအတွင်း၌လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေးမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ရေစကြိုမြို့နယ်၊ မြိုင်မြို့နယ်၊ ဆိပ်ဖြူမြို့နယ်များအတွင်း၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ရွှေဘိုမြို့နယ်၊ မုံရွာမြို့နယ်နှင့် ကလေးမြို့နယ်များအတွင်း၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ တောင်ငူမြို့နယ်၊ ပြည်မြို့နယ်အတွင်း၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ ရေဖြူမြို့နယ်နှင့် သရက်ချောင်းမြို့နယ်၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်နှင့် ပုလောမြို့နယ်၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်များအတွင်း၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၂၆ မြို့နယ်များအတွင်း၌လည်းကောင်း၊ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ ဗန်းမော်မြို့နယ်၊ မိုးကောင်းမြို့နယ်၊ ရွှေကူမြို့နယ်၊ မိုးညှင်းမြို့နယ်နှင့် ဖားကန့်မြို့နယ်များအတွင်း၌လည်းကောင်း၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်အတွင်း၌လည်းကောင်း၊ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဘားအံမြို့နယ်အတွင်း၌လည်းကောင်း၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ သံဖြူဇရပ်မြို့နယ်၊ ရေးမြို့နယ်၊ ကျိုက်ထိုမြို့နယ်နှင့် သထုံမြို့နယ်တို့အတွင်း၌လည်းကောင်း၊ ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်၊ တောင်ကြီးမြို့နယ်၊ တာချီလိတ်မြို့နယ်၊ နောင်ချိုမြို့နယ်၊ လားရှိုးမြို့နယ်၊ ကလောမြို့နယ်၊ သီပေါမြို့နယ်၊ မူဆယ်မြို့နယ်နှင့် ကျောက်မဲမြို့နယ်များအတွင်း၌လည်းကောင်း စုဝေးခြင်း၊ ဟောပြောခြင်း၊ ယာဉ်တစ်မျိုးမျိုးကို အသုံးပြု၍ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ စီတန်းလှည့်လည်ခြင်း၊ လှုံ့ဆော်ဆန္ဒပြခြင်း၊ ဖျက်ဆီးခြင်း၊ ရန်းရင်းဆန်ခတ်ပြုမူခြင်းများကို မပြုလုပ်ရန် တားမြစ်လိုက်ပြီး လူ ၅ ဦး သို့မဟုတ် ၅ ဦးထက်ပိုသောသူများသည် ယင်းမြို့နယ်များအတွင်း အများပြည်သူနှင့်ဆိုင်သောနေရာများတွင် စုဝေးခြင်း မပြုရန်နှင့် ည ၈ နာရီအချိန်မှ နံနက် ၄ နာရီအချိန်အတွင်း ညမထွက်ရအမိန့်ကို ထုတ်ပြန်လိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆူပူဆန္ဒပြသူများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် လေးဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ နိုင်ငံတော်ကို အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြေညာပြီးနောက် နိုင်ငံအတွင်းရှိ အချို့မြို့ကြီးများတွင် ဆူပူဆန္ဒပြမှုများဖြစ်ပေါ်လာသည့်အတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်ပျက်ပြားစေသည့်အပြင် ရုန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားစေနိုင်သည်ဟု ယုံကြည်ယူဆသဖြင့် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၁၄၄ ကိုထုတ်ပြန်၍ လူ ၅ ဦး သို့မဟုတ် ၅ ဦးထက်ပို၍ လူစုဝေးခြင်းမပြုရန် တားမြစ်ချက်များ ထုတ်ပြန်ခဲ့သည်။

ထိုသို့ထုတ်ပြန်ထားသည့် မြို့နယ်များတွင်ပါဝင်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ၃၈ လမ်း၊ ၇၆x၇၈ လမ်းကြားတွင် ယနေ့နံနက်ပိုင်းမှစတင်၍ ဆူပူဆန္ဒပြသူ ၂၀၀၀ ခန့် စုဝေးရောက်ရှိခဲ့ပြီး ကြွေးကြော်သံများကြွေးကြော်ခြင်း၊ လှုံ့ဆော်ဆန္ဒပြခြင်း၊ ရုန်းရင်းဆန်ခတ်ပြုမူခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းသို့ လုပ်ဆောင်သူများကို လူစုခွဲရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက မေတ္တာရပ်ခံခဲ့ရာ ဆူပူဆန္ဒပြသူများက ပြန်လည်ဆဲဆိုခြင်း၊ အရာဝတ္ထုများဖြင့် ပစ်ပေါက်ရန်စခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ဆူပူအကြမ်းဖက်မှုဖြိုခွဲရေး လုပ်ငန်းစဉ်များအတိုင်း ဥပဒေနှင့်အညီ လူစုခွဲဆောင်ရွက်ခဲ့ရာ ဆန္ဒပြသူများအနက် လူအင်အား ၂၀၀၀ ခန့်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို ကျောက်ခဲ၊ အုတ်ခဲများ၊ ထိခိုက်ဒဏ်ရာရစေနိုင်သော အရာဝတ္ထုများဖြင့် ပြင်းပြင်းထန်ထန် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း။

ထိုသို့ ဆူပူဆန္ဒပြသူများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် လေးဦး ထိခိုက်ဒဏ်ရာအသီးသီးရရှိခဲ့ပြီး လုံခြုံရေးယာဉ်များ ထိခိုက်ပျက်စီးခဲ့ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ အနေဖြင့် နိုင်ငံအတွင်း ဆူပူအကြမ်းဖက်မှုများ ဖြစ်ပွားမှုမရှိစေရေး လုံခြုံရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ နေ့ညမပျက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။



**သတင်းစဉ်**

# ဝန်းသိုမြို့နယ် ခပ်ချိုကျေးရွာ၌ လေးလက်မစက်ရေတွင်း တူးဖော်အောင်မြင်

**ဝန်းသို ဖေဖော်ဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ခပ်ချိုကျေးရွာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် (ရေရရှိရေးလုပ်ငန်း) လေးလက်မစက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို ယမန်နေ့က အောင်မြင်ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာရှိ အိမ်ခြေ ၈၈ အိမ်၊ လူဦးရေ ၄၃၇ ဦးတို့အတွက် ရာသီမရွေး သောက်သုံးရေ ရရှိသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ယင်းရေရရှိရေးလုပ်ငန်း လေးလက်မစက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီး ဘတ်ဂျက်ငွေကျပ် ၁၂ ဒသမ ၇၅ သန်းဖြင့် သိန်းသန်းရတီကုမ္ပဏီက ဆောင်ရွက်နေခြင်းဖြစ်ပြီး ဆက်စပ်လုပ်ငန်းများဖြစ်သည့် ဂါလန် ၂၀၀၀ ဆံ့ရေကန်တစ်ခု၊ အလျား ၁၀ ပေ၊ အနံရှစ်ပေ၊ အမြင့်ရှစ်ပေရှိ ရေစက်ရုံတစ်ခု တည်ဆောက်ခြင်းလုပ်ငန်းတို့ကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

ဝန်းသိုမြို့နယ်၌ ရေရရှိရေးလုပ်ငန်းများကို ခပ်ချိုကျေးရွာ၊ ဒုန်းဒုတ်ကျေးရွာ၊ ချမ်းမြသီတာကျေးရွာ၊ နောင်ကွင်းကျေးရွာ၊ ကျူတောကျေးရွာ၊ အင်းပုဒ်ကုန်းကျေးရွာနှင့် မြိုင်ဇေယျာကျေးရွာ စသည့် ကျေးရွာပေါင်း ခုနစ်ရွာတို့တွင် ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီးဘတ်ဂျက် တင်ဒါအောင်မြင်ငွေကျပ် စုစုပေါင်း ၇၅ သန်းဖြင့် သက်ဆိုင်ရာကုမ္ပဏီများက ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများ အောင်မြင်ပြီးစီးပါက အိမ်ခြေပေါင်း ၅၉၄ အိမ်၊ လူဦးရေ ၃၀၀၄ ဦးတို့အတွက် ရာသီမရွေး သန့်ရှင်းသောသောက်သုံးရေကို ရရှိသုံးစွဲနိုင်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## ❂ ကျောဖုံးမှ

ရန်ကုန်(ပန်းဆိုးတန်း-ဒလ)ကူးတို့သင်္ဘောဆိပ်ကမ်း၌ ခရီးသည်သွားလာမှုအနေဖြင့် ဖေဖော်ဝါရီ ၁ ရက်တွင် ခရီးသည် ၁၂၃၆၂ ဦး၊ ၂ ရက်နေ့တွင် ခရီးသည် ၉၁၉၀၊ ၃ ရက်နေ့တွင် ခရီးသည် ၈၆၇၈ ဦး၊ ၄ ရက်နေ့တွင် ခရီးသည် ၉၀၂၆ ဦး၊ ၅ ရက်နေ့တွင် ခရီးသည် ၉၁၁၇ ဦး၊ ၆ ရက်နေ့တွင် ခရီးသည် ၅၂၅၃ ဦး၊ ၇ ရက်နေ့တွင် ခရီးသည် ၅၅၁၇ ဦး၊ ၈ ရက်နေ့တွင် ခရီးသည် ၈၉၀၂ ဦးတို့သာ ကူးသန်းသွားလာလျက်ရှိကြောင်း၊ ခရီးသည်သွားလာမှုလျော့နည်းသွားကြောင်း ရန်ကုန်(ပန်းဆိုးတန်း) သင်္ဘောဆိပ်ကမ်းလက်မှတ်ရုံမှ သိရသည်။

လက်ရှိအချိန်တွင် အဆိုပါသင်္ဘောဆိပ်ကမ်း၌ အစိုးရရုံးဖွင့်ရက်များတွင် နေ့စဉ် နံနက် ၅ နာရီခွဲမှ ည ၇ နာရီအထိ အသွား ၃၅ ခေါက်၊ အပြန် ၃၅ ခေါက်နှုန်းဖြင့်လည်းကောင်း၊ စနေနှင့် တနင်္ဂနွေ ရုံးပိတ်ရက်များတွင် နံနက် ၆ နာရီမှ ည ၇ နာရီအထိ အသွား ၂၂ ခေါက်၊ အပြန် ၂၂ ခေါက်နှုန်းဖြင့် သင်္ဘောခရီးစဉ်များကို အချိန်ပြောင်းလဲသတ်မှတ်၍ ပြေးဆွဲပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ – နိုင်လင်းကျော်(ဒလ)**

## ○ စစ်တွေမြို့နယ်မှ

ရောင်းအားက တက်လာပါတယ်။ ဒီရွှေပုစွန်ခြောက်တို့၊ ငါးခြောက်တို့ဆိုတာက ခရီးသွားပြည်သူတွေပဲ အဓိက ဝယ်ယူအားပေးကြတာဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါကာလကတော့ ရောင်းအားက ကျဆင်းခဲ့ပါတယ်။ ဈေးကလည်း နေ့တစ်ဝက်ပဲ ရောင်းခဲ့ရတယ်။ အခုဆိုရင်တော့ လမ်းခရီးတွေ ပြန်လည်ဖွင့်လှစ်လာပြီဖြစ်တဲ့အတွက် ဈေးရောင်းရတာ အဆင်ပြေပြီး မိသားစုစားဝတ်နေရေးလည်း အဆင်ပြေပါတယ်”ဟု ပြောသည်။

စစ်တွေမြို့ မြို့မဈေးကြီးတွင် စစ်တွေမြို့နယ်နှင့် ပေါက်တောမြို့နယ်တို့မှ ထွက်ရှိလာသည့် ငါးခြောက်၊ ပုစွန်ခြောက်များကို ရောင်းချနေသည့် ဈေးဆိုင်များအပြင် ငါးခြောက်၊ ပုစွန်ခြောက်များကို ဝယ်ယူရောင်းချနေသည့် ပွဲရုံများလည်းရှိသည်။

မြို့မဈေးကြီးတွင် ရောင်းချနေသော ငါးခြောက်နှင့် ပုစွန်ခြောက်များကို ရန်ကုန်မြို့နှင့် မြန်မာပြည်အနှံ့မှ ခရီးသွားပြည်သူများ၊ ရခိုင်ပြည်နယ်အတွင်းရှိ မင်းပြား၊ မြောက်ဦး၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များမှ ဈေးရောင်းချသူများနှင့် အလှူပွဲများပြုလုပ်ရန်အတွက် လာရောက်ဝယ်ယူကြကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကျဆင်းလာသည်နှင့်အမျှ ခရီးသွားလုပ်ငန်းများ ဖွင့်လှစ်လာချိန်တွင် ခရီးသွားလုပ်ငန်းကို အမှီပြုလုပ်ကိုင်နေကြသော အခြေခံလက်လုပ်၊ လက်စားပြည်သူများနှင့် စက်ရုံ၊ အလုပ်ရုံများမှာ ပြန်လည်လည်ပတ်လာကာ စီးပွားရေးလုပ်ငန်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ ထိုကဲ့သို့ ခရီးသွားလုပ်ငန်းများ ဖွင့်လှစ်လာခြင်းကြောင့် စစ်တွေမြို့နယ်၌ ငါးခြောက်၊ ပုစွန်ခြောက်နှင့် ရေထွက်ပစ္စည်းများ ရောင်းချနေသူများမှာလည်း ရောင်းအားကောင်းလာကာ မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ■ ချင်းရွှေဟော်မှ

ရှမ်းပြည်နယ် နမ္မတူမြို့နယ်မှ တစ်ဦး၊ လားရှိုးမြို့နယ်မှ တစ်ဦး၊ နောင်ချိုမြို့နယ်မှ တစ်ဦး၊ မိုင်းနောင်မြို့နယ်မှ တစ်ဦး၊ ကျောက်မဲမြို့နယ်မှ တစ်ဦး၊ တန့်ယန်းမြို့နယ်မှ တစ်ဦး၊ သီပေါမြို့နယ်မှ နှစ်ဦးနှင့် ကွတ်ခိုင်မြို့နယ်မှ တစ်ဦးတို့ဖြစ်သည်။

၎င်းနေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ အမှတ်(၂)ရပ်ကွက်ရှိ မြို့တော်ခန်းမ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းတွင်ထားရှိပြီး ချင်းရွှေဟော်မြို့ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနက ပထမအကြိမ် Rapid Test Kit စနစ်ဖြင့် စစ်ဆေးခြင်းနှင့် ဒုတိယအကြိမ်အဖြစ် ၎င်းတို့၏ဓာတ်ခွဲနမူနာများထပ်မံရယူ၍ မူဆယ်မြို့ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ပေးပို့စစ်ဆေးခဲ့ရာ နှစ်ကြိမ်ဆက်တိုက် ကိုဗစ်-၁၉ ရောဂါပိုး မတွေ့ရှိရကြောင်း သိရ၍ ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ သက်ဆိုင်ရာဒေသများသို့ ရောက်ရှိနိုင်ရေးအတွက် စနစ်တကျစီစဉ်လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

**ကိုဗစ်-၁၉ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**




ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

---

COVID-19 ကာကွယ်ဆေးနှင့် ပတ်သက်သောမေးခွန်းနှင့်အဖြေများ (အပိုင်း-၂)

(၁) **မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မည်ကဲ့သို့စတင်ထိုးနှံပေးမှာလဲ**

- ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဦးစားပေးလူအုပ်စုအလိုက် ထိုးနှံပေးသွားပါမည်။ ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဗဟို/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပထမအသုတ်အနေနဲ့ စတင်ထိုးနှံပေးမည်ဖြစ်ပြီး၊ ကျန်လူအုပ်စုများကိုလည်း ကာကွယ်ဆေးရရှိမှုအပေါ်မူတည်၍ ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါသည်။

(၂) **ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ စသည့် နာတာရှည်ရောဂါ အခံရှိသောသူများနှင့် ယင်းရောဂါများအတွက် သက်ဆိုင်ရာဆေးဝါးများသောက်သုံးနေရသောသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးလို့ရပါသလား**

- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးချိုရပါသည်။ ဤကဲ့သို့ရောဂါအခံရှိနေသောသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်ရှိနိုင်ခြေရှိသောကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးသင့်သောသူများ ဖြစ်ပါသည်။

(၃) **ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်သူတွေမထိုးနှံသင့်ဘူးလဲ**

- ကိုဗစ်-၁၉ ရောဂါ အတည်ပြုခြင်းခံထားရသူလူနာများ၊ သံသယလူနာများနှင့် ရောဂါလက္ခဏာ သက်သာပျောက်ကင်းသွားပြီး (၁၄)ရက် မကျော်သေးသောသူများ၊
- ကိုဗစ်-၁၉ သံသယလက္ခဏာ (ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ မှတ်ဉာဏ်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း... စသည်တို့) ရှိသောသူများ၊
  နို့တိုက်မိခင်နှင့် ကိုယ်ဝန်ဆောင်များနှင့်
- အသက် (၁၈)နှစ်အောက် လူအုပ်စုများတို့ကို ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးနှံသင့်ပါ။
  (ကိုယ်အင်္ဂါအစားထိုး (organ transplant) ခွဲစိတ်ကုသမှုခံယူထားသူများ၊ ခုခံအားကျရောဂါရှိနေသူများနှင့် ခုခံအားကျဆင်းစေသည့်ဆေးဝါးတစ်ခုခုသုံးစွဲနေရသူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းခံယူရန် သင့်/ မသင့်ကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကြိုတင်၍ တိုင်ပင်ပါ။)

(၄) **ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်နှကြိမ် ထိုးနှံရမှာပါသလဲ**

ကိုဗစ်-၁၉ကာကွယ်ဆေးအမျိုးအစားအပေါ်တွင်မူတည်ပါသည်။
မြန်မာနိုင်ငံတွင် ထိုးနှံမည့် COVISHIELD ကာကွယ်ဆေးကို (၂)ကြိမ် ထိုးနှံရမှာဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တပတ် (၄)ပတ်ခြားပြီး ဒုတိယအကြိမ် ထပ်မံ ထိုးနှံရမှာဖြစ်ပါသည်။

(၅) **ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမတစ်ကြိမ်မှာ ကာကွယ်ဆေးတစ်မျိုးထိုးထားပြီး ဒုတိယ တစ်ကြိမ်မှာ အခြားဆေးအမျိုးအစားကို ထိုးနှံလို့ရနိုင်ပါသလား**

ယခုအချိန်အထိလေ့လာတွေ့ရှိချက်များအရ - အခြားဆေးအမျိုးအစားကိုထိုးနှံ၍ မရပါ။ ပထမအကြိမ်တွင် ထိုးနှံထားသော ကာကွယ်ဆေးအမျိုးအစားနှင့်တူညီသော ကာကွယ်ဆေးကို ဒုတိယအကြိမ်ထပ်မံထိုးနှံမှသာ ထိရောက်သည့်ရောဂါကာကွယ်ခံစွမ်းအား ရရှိမည် ဖြစ်ပါသည်။

(၆) **မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ယခုရရှိထားသော ခွင့်ပြုထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးတွေက ဘာတွေပါသလဲ**

မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး (၁)မျိုးဖြစ်သည့် COVISHIELD/ Astrazeneca ကာကွယ်ဆေးကို ယခုလောလောဆယ် ခွင့်ပြုထားပါသည်။ ဤကာကွယ်ဆေးကို အသက် (၁၈)နှစ်နှင့်အထက် လူကြီးများ အတွက်သာ အသုံးပြုခွင့်ပြုပေးထားပါသည်။

(နောက်ထပ်ခွင့်ပြုချက်ရရှိသော ကာကွယ်ဆေးများကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမည်။)

(၇) **COVISHIELD ကာကွယ်ဆေးထိုးနှံပြီးလျှင် မည်ကဲ့သို့သော သာမန်လက္ခဏာများ ပြတတ်ပါသလဲ**

(က) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးထက်ပို၍ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် နာခြင်း၊ နီခြင်း၊ ယားခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊
- နုံးချည့်ခြင်း၊ မအီမသာဖြစ်ခြင်း၊

(ခ) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် အကျိတ်ငယ်ဖြစ်ခြင်း၊
- ဖျားခြင်း၊
- အန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါကဲ့သို့ သာမန်လက္ခဏာများ (ဖျားခြင်း၊ အာသီးရောင်ခြင်း၊ နှာစေး/ချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း...စသည်) တို့ ပြတတ်ပါသည်။

(ဂ) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- မူးဝေခြင်း၊
- ယားယံခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- အစားအသောက်ပျက်ခြင်း၊ ဗိုက်အောင့်ခြင်း၊
- ပြန့်ရည်ကျိတ်များကြီးခြင်း တို့ဖြစ်နိုင်ပါသည်။

**ကာကွယ်ဆေးနှင့် ဓာတ်မတည့်မှု ရှိ/မရှိနှင့် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများ ရှိ/မရှိ သေချာစေရန် ဆေးထိုးပြီးပါက စောင့်ဆိုင်းသည့် နေရာတွင် "မိနစ်(၃၀)ခန့်" စောင့်ဆိုင်းရန် အရေးကြီးပါသည်။**
**ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်း (ကာကွယ်ဆေးထိုးကတ်)ကို မပျောက်မပျက်စေရန် စနစ်တကျသိမ်းဆည်းထား၍ နောက်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှု ခံယူရန် လာရောက်သည့်အခါတွင် မဖြစ်မနေယူဆောင်လာရန်လိုအပ်ပါသည်။**

**မှတ်ချက်။ ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် နည်းပညာအသစ်ဖြင့် အချိန်တိုအတွင်း ထုတ်လုပ်ထားသော ကာကွယ်ဆေးအသစ်များဖြစ်၍ ယခုအချိန်၌သိရှိထားသော သတင်းအချက်အလက်များသည် ပြောင်းလဲမှုများရှိလာနိုင်ပါသည်။ သတင်းအချက်အလက်အသစ်များ ထပ်မံ သိရှိရပါက ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။**

Reference: Serum Institute of India (SII). Fact sheet for vaccine recipient approved for restricted use in emergency situation of ChAdOx1 nCoV- 19 Coronavirus Vaccine (Recombinant), COVISHIELD, in prevention of (covid-19) disease in individuals 18 years of age and older. (Revised: 01 January 2021).
Available at: https://www.seruminstitute.com/product_covishield.php

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်စိုး ထားဝယ်မြို့နယ် သပြေချောင်းကျေးရွာရှိ သပြေချောင်းဘုန်းတော်ကြီးကျောင်းတိုက်သို့ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးကာလတွင် ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများတွင် ဆွမ်းကိစ္စများ အဆင်ပြေစေရန်အတွက် တိုင်းစစ်ဌာနချုပ်များအလိုက် လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်စိုး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် စောသန်းလှိုင်နှင့် တာဝန်ရှိသူများသည် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် သပြေချောင်းကျေးရွာရှိ သပြေချောင်းဘုန်းတော်ကြီးကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒဝံသ အမှူးပြုသော သံဃာတော်များအား ဖူးမြော်ကြည်ညိုကြပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားတင်ပြကာ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့ပြင် နယ်မြေခံတပ်မတော်ဆေးရုံမှ ဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ အပူချိန်တိုင်းတာပေးခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်စိုး ထားဝယ်မြို့နယ် သပြေချောင်းကျေးရွာရှိ သပြေချောင်းဘုန်းတော်ကြီးကျောင်းတိုက်သို့ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်း၊ ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်



**နေပြည်တော် ဖေဖော်ဝါရီ ၉**

ဘုန်းတော်ကြီးကျောင်းများ၊ သာသနဝ္ဂနယ်ဝင်သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် ကရင်ပြည်နယ် ဘားအံမြို့၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်စုစုပေါင်း ခုနစ်ကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့၊ မွန်ပြည်နယ် မော်လမြိုင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ရခိုင်ပြည်နယ် စစ်တွေမြို့၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက် စုစုပေါင်း ၃၈ ကျောင်းရှိ သံဃာတော်များနှင့် သာသနဝ္ဂနယ်ဝင်သီလရှင်များအား နေ့ဆွမ်းများကိုလည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ဆက်ကပ်လှူဒါန်းကြသည်။ (ဓာတ်ပုံ)

ထို့အပြင် မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တို့၌ တပ်မတော်မှ ဆေးအဖွဲ့များက ဆရာတော်၊ သံဃာတော်များ၊ သာသနဝ္ဂနယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်မှုအခြေအနေများကြောင့် ဖူးမြော်ခွင့် ယာယီရပ်ဆိုင်းထားရှိသည့် နိုင်ငံတစ်ဝန်းမှ ဘုရားစေတီပုထိုးများကို ကိုဗစ်-၁၉ ရောဂါစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုတရားဘာဝနာပွားများနိုင်ရေးအတွက် ယမန်နေ့မှ စတင်၍ ဖူးမြော်ခွင့်ပြုခဲ့သည်။

ထိုသို့ အများပြည်သူဖူးမြော်နိုင်ရေး ခွင့်ပြုပေးခဲ့ရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ ဗိုလ်တထောင်စေတီတော်၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား စေတီပုထိုးများ၌ လာရောက်ဖူးမြော် ကြည်ညိုကြသူ ဘုရားဖူးလာသံဃာတော်များ၊ သာသနဝ္ဂနယ်ဝင်သီလရှင်များ၊ မိဘပြည်သူများသည် ကိုဗစ်-၁၉ ရောဂါစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကုသိုလ်ယူလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး



## ဒေသခံပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးဝေလှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် သာစုကန်ကျေးရွာနှင့် မြကန်သာကျေးရွာတို့ရှိ အိမ်ထောင်စု ၂၀၀၀၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၁၂) ရပ်ကွက်၊ အမှတ်(၁၄)ရပ်ကွက်၊ အမှတ်(၁၅)ရပ်ကွက်နှင့် အမှတ်(၁၇)ရပ်ကွက်တို့ရှိ အိမ်ထောင်စု ၄၀၁၆ စုတို့အတွက် ဆန်နှင့် ဆီများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူများ လက်ဝယ်အရောက် သွားရောက်ပေးအပ်သည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ရှိ အိမ်ထောင်စု ၃၀၀ အတွက် ဆန်၊ ခေါက်ဆွဲခြောက်နှင့် ဘီစကစ်များကို နယ်မြေခံတပ်မတော်သားများက ပြည်သူများ၏ လက်ဝယ်အရောက် လိုက်လံပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပုသိမ်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော ဒေသခံပြည်သူများအား အလှူငွေများ လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော ဒေသခံပြည်သူများအား ဆေးဝါးကုသရာတွင် အဆင်ပြေစေရန်အတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ထိုသို့လှူဒါန်းရာတွင် အလှူရှင်များက အလှူငွေကျပ် ၂၃ သိန်းကို ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများ၊ လူနာစောင့်များနှင့် ကျန်းမာရေးဝန်ထမ်းများ အာဟာရပြည့်ဝရန်နှင့် ကျန်းမာကြံ့ခိုင်စေရန် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ဆက်လက်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဌာနများ၌ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများ၊ လူနာစောင့်များနှင့် ကျန်းမာရေးဝန်ထမ်းများ အာဟာရပြည့်ဝစေရန်နှင့် ကျန်းမာကြံ့ခိုင်စေရန်အတွက် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက လှူဒါန်းသည့် အာဟာရဖြည့်စွက်စာများကို တိုင်းစစ်ဌာနချုပ်များအလိုက် တပ်မတော်သားများက သွားရောက်ပေးအပ်လှူဒါန်းလျက်ရှိသည်။

**ပေးအပ်လှူဒါန်း**

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် ဖာပွန်မြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက အာဟာရဖြည့် စားသောက်ဖွယ်ရာများကို သွားရောက်ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၇၇၀၄၁၁၁ | ၁၇၅၃၁၁၅၂ | ၄၇၆၅၅၃ |
| ၂။ | အိန္ဒိယ | ၁၀၈၄၈၀၄၅ | ၁၀၅၄၇၂၀၁ | ၁၅၅၁၉၆ |
| ၃။ | ဘရာဇီး | ၉၅၅၀၃၀၁ | ၈၄၄၇၆၄၅ | ၂၃၂၂၄၈ |
| ၄။ | ရုရှား | ၃၉၉၈၂၁၆ | ၃၄၉၃၈၈၆ | ၇၇၅၉၈ |
| ၅။ | ဗြိတိန် | ၃၉၅၉၇၈၄ | ၁၉၅၀၈၈၆ | ၁၁၂၇၉၈ |
| ၆။ | ပြင်သစ် | ၃၃၄၁၃၆၅ | ၂၃၃၉၉၃ | ၇၉၄၂၃ |
| ၇။ | စပိန် | ၂၉၈၉၀၈၅ | စိစစ်ဆဲ | ၆၂၉၅ |
| ၈။ | အီတလီ | ၂၆၄၄၇၀၇ | ၂၁၃၃၅၂၃ | ၉၁၅၈၀ |
| ၉။ | တူရကီ | ၂၅၃၉၅၅၉ | ၂၄၄၈၂၇၃ | ၂၆၉၀၀ |
| ၁၀။ | ဂျာမနီ | ၂၂၉၈၁၉၄ | ၂၀၅၇၃၀၀ | ၆၂၈၄၉ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၁၇၄၇၇၉ | ၉၇၃၄၅၂ | ၃၁၉၇၆ |
| ၂။ | ဖိလစ်ပိုင် | ၅၄၀၂၂၇ | ၄၉၉၇၆၄ | ၁၁၂၉၆ |
| ၃။ | မလေးရှား | ၂၄၈၃၁၆ | ၁၉၆၅၆၆ | ၉၀၉ |
| ၄။ | မြန်မာ | ၁၄၁၄၄၈ | ၁၂၈၄၃၇ | ၃၁၈၀ |
| ၅။ | စင်ကာပူ | ၅၉၇၃၂ | ၅၉၅၀၆ | ၂၉ |
| ၆။ | ထိုင်း | ၂၃၇၄၆ | ၁၈၃၆၆ | ၇၉ |
| ၇။ | ဗီယက်နမ် | ၂၀၆၄ | ၁၄၇၂ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၄၇၆ | ၄၅၇ | ၀ |
| ၉။ | ဘရူနိုင်း | ၁၈၂ | ၁၇၅ | ၃ |
| ၁၀။ | လာအို | ၄၅ | ၄၁ | ၀ |

# မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ တပ်မတော်ထောက်ခံပွဲပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် မြန်မာ့တပ်မတော်အား ထောက်ခံပွဲကို ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့တွင် ဦးလှမျိုး ဦးဆောင်သည့် အင်အား ၁၀၀၀၀ ခန့်ဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့တွင် ဦးဇော်ထွန်း ဦးဆောင်သည့် အင်အား ၁၀၀ ခန့်ဖြင့် လည်းကောင်း၊ ရွှေကျင်မြို့တွင် ဦးဇော်ဝင်း ဦးဆောင်သည့် အင်အား ၂၃၀ ခန့်ဖြင့် လည်းကောင်း၊ ရေတာရှည်မြို့တွင် ဦးအောင်နိုင်ထွန်း ဦးဆောင်သည့် အင်အား ၃၀၀ ခန့်ဖြင့် လည်းကောင်း၊ ဖြူးမြို့တွင် ဦးကျော်ငွေး ဦးဆောင်သည့် အင်အား ၄၀၀ ခန့်ဖြင့် လည်းကောင်း၊ အုတ်တွင်းမြို့တွင် ဦးဝင်းမြင့် ဦးဆောင်သည့် အင်အား ၁၅၀ ဖြင့် လည်းကောင်း၊ ပန်းတောင်းမြို့တွင် ဒေါ်ခိုင်ဇင်ဖြိုး ဦးဆောင်သည့် အင်အား ၃၀၀ ဖြင့်လည်းကောင်း၊ ပေါင်းတည်မြို့တွင် ဦးဝင်းလှိုင်ထွန်း ဦးဆောင်သည့် အင်အား ၄၀၀ ဖြင့်လည်းကောင်း၊ သဲကုန်းမြို့တွင် ဒေါ်ဥမ္မာမိုးမိုးဇော် ဦးဆောင်သည့် အင်အား ၃၀၀ ဖြင့် လည်းကောင်း အသီးသီးဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ထိုသို့ ဆန္ဒဖော်ထုတ်ရာတွင် အမျိုးဘာသာသာသနာကို စောင့်ရှောက်သော မြန်မာ့တပ်မတော်အား ထောက်ခံပါသည်၊ ပြည်သူတို့၏အကျိုးကို အမှန်ဖော်ဆောင်မည့် တပ်မတော်အား ထောက်ခံပါသည်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအား ကာကွယ်သော မြန်မာ့တပ်မတော်အား ထောက်ခံပါသည်၊ စစ်မှန်သောဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်မည့် တပ်မတော်အား ထောက်ခံပါသည်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ထောက်ခံပါသည်၊ ဥပဒေနှင့်အညီ အသစ်ဖွဲ့စည်းထားသည့် UEC အား ကြိုဆိုပါသည် စာသားပါ ဆိုင်းဘုတ်များအား ကိုင်ဆောင်ကြွေးကြော်ခဲ့ကြသည်။

ပြည်သူများအနေဖြင့် တပ်မတော်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ မဲမသမာမှုဖြစ်စဉ်များအပေါ် ရွေးကောက်ပွဲကော်မရှင်တစ်ရပ်အား ဖွဲ့စည်းကာ စိစစ်နိုင်ရေး ဆောင်ရွက်နေမှုများကို အများပြည်သူက ထောက်ခံသည့် ဆန္ဒဖော်ထုတ်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



သတင်းစဉ်

# မကွေးမြို့နယ် ကြာကန်ကျေးရွာ(အထက်ကန်)ရေပိုလွှဲပြုလုပ်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး



**မကွေး ဖေဖော်ဝါရီ ၉**

ကျေးလက်နေပြည်သူများ သောက်သုံးရေရရှိစေရန် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကြာကန်ကျေးရွာ(အထက်ကန်)သောက်သုံးရေကန်ကြီးအား ရေပိုလွှဲပြုပြင်ခြင်း၊ ကန်တူးဖော်ခြင်းလုပ်ငန်းများအား ခွင့်ပြုရန်ပုံငွေကျပ် ၃၉ ဒသမ ၅ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီဖြစ်သော မကွေးမြို့ ကန်တော်ကလေးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့ရာ ရေပိုလွှဲပြုပြင်ခြင်း ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။ ကျန်ရှိသည့် လုပ်ငန်းများဖြစ်သော ရေကန်တူးဖော်ခြင်းလုပ်ငန်း၊ မြေသားလုပ်ငန်းများအား ယခု လက်ကျန်ရေများ ခန်းခြောက်ကုန်ဆုံးချိန် မတ်လ၊ ဧပြီလများတွင် မကြာမီ ဆက်လက်တူးဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာန မကွေးမြို့နယ် ဦးစီးအရာရှိ(မြို့ပြ) ဒေါ်ငွေငွေဝင်းက ပြောသည်။

"ရေပိုလွှဲလုပ်ငန်းက ရာနှုန်းပြည့်ပြီးပါပြီ။ အဲဒါအပြီး ရေကန်တူးဖော်တဲ့လုပ်ငန်း၊ မြေသားလုပ်ငန်းဆက်လုပ်မယ့်အချိန်မှာ မိုးရွာပြီး ရေဝင်အားကောင်းလို့ သောက်ရေအဖြစ် ကျေးရွာလူထုသောက်နိုင်အောင် ယာယီလုပ်ငန်းရပ်နားခဲ့ရပြီး အခုအခါ သောက်သုံးမှုများတဲ့အတွက် ရေကုန်ချိန်တပေါင်း၊ တန်ကူးလောက်တူးဖော်ပေးဖို့ ကျေးရွာပြည်သူတွေကလည်း တင်ပြထားလို့ ဆက်လက်တူးဖော်ပေးသွားမှာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

"ဒီသောက်ရေကန်ကြီးကို ကြာကန်အရှေ့မြောက်ကုန်းတဲတိုက်၊ အရှေ့ကြားကုန်းတဲတိုက်၊ လေးအိမ်ကျေးရွာ၊ ကြာကန်ရွာသစ်ကျေးရွာ၊ ကန်နှစ်ဆင့်တဲတိုက်၊ ကြာကန်၊ ကြူချောင်းကျေးရွာတွေကပါ သောက်ရေအတွက် ရေလာတိုက်ကြပါတယ်။ နေ့စဉ် ရေစည်လှည်းအစီး ၅၀ မှ ၁၀၀ အထိ သောက်ရေအတွက် မှီခိုအားထားရပါတယ်" ဟု ရာအိမ်မှူး ကိုအေးလွင်က ပြောသည်။

ကြာကန်(အထက်ကန်) သောက်ရေကြည်ကန်ကြီးသည် ရေဝင်ရေထွက်ကောင်းသော ချောင်းပိတ်ကန်ကြီးဖြစ်သည်။ ရှေးနှစ်ပေါင်း ၁၀၀ ကတိုင် တည်ရှိသည့် သောက်ရေကန်ကြီးဖြစ်ကြောင်း၊ မိုးမီကန်ကြီးဖြစ်ပြီး ဆည်မြောင်းဌာနမှ ကြီးကြပ်ဦးစီးပြီးဆောင်ရွက်ခဲ့ရာ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မကွေး ဝင်းမောင်

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ရှေးဟောင်းအဆောက်အအုံများ သန့်ရှင်းရေးဆောင်ရွက်ထား

**ညောင်ဦး ဖေဖော်ဝါရီ ၉**

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ပုဂံဌာနခွဲ ယဉ်ကျေးမှုနယ်မြေ လုံခြုံရေးဌာနစိတ်မှကြီးကြပ်၍ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုး၊ အုတ်ကျောင်းတို့အား Area-A၊ Area-B၊ Area –C ၊Area –D1 ၊Area-D2(a) နှင့် Area-D2(b) စသည့်နယ်မြေရီယာ အပိုင်းခြောက်ပိုင်း ခွဲခြားကာ သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ပုဂံဌာနခွဲမှ ဦးမြင့်သန်း (ဒုတိယ ညွှန်ကြားရေးမှူး) ထံမှ သိရသည်။

### သန့်ရှင်းရေးဆောင်ရွက်

ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက် ဦးစီးဌာန ပုဂံဌာနခွဲ လုံခြုံရေးဌာနစိတ်က ကြီးကြပ်ကာ ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၁ ရက်မှစ၍ Area-C ကို သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဆူးလေးကုန်းဘုရားအစု၊ ဝတ္တနတောဘုရားအစုနှင့် ဖူးလယ်သီးဘုရား အစရှိသည့် ဘုရားများကို သန့်ရှင်းရေးလုပ်ငန်း များ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

### ရှင်းပြ

Area-C အတွင်း ကျန်ရှိနေသော ဘုရားများ တွင် ပေါင်းမြက်များရှင်းလင်းခြင်း၊ ဘုရား ဆင်းတုတော်များပေါ်ရှိ ဖုန်နှင့် ချေးများချွတ်၍ ရောင်တော်ဖွင့်ခြင်း၊ အတွင်းလိုဏ်ပတ်လမ်း များရှိ ခိုချေးများနှင့် အမှိုက်များအားသန့်ရှင်း ရေးပြုလုပ်ခြင်း၊ ဘုရားရင်ပြင်တော်ပေါ်မှ ပေ ၁၂၀ အကွာ အောက်ခြေပတ်ပတ်လည် ပေါင်းမြက်ခြုံနွယ်များရှင်းလင်းခြင်း၊ ဘုရား အနီးရှိအပင်များ၏ ငုတ်များတူးဖော်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ဦးမြင့်သန်း (ဒုတိယညွှန်ကြားရေးမှူး) က ဆက်လက်ရှင်းပြသည်။

**ကိုထိန် (KPD)**





# တောင်ကြီးမြို့အတွင်းရှိ အထင်ကရနေရာများ ပြန်လည်ဖွင့်လှစ်

**တောင်ကြီး ဖေဖော်ဝါရီ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင် ကိုရိုနာ ဗိုင်းရပ်စ်-၁၉ ရောဂါဖြစ်ပွားမှုကို ကာကွယ်၊ တားဆီး၊ ထိန်းချုပ်နိုင်ရေးအတွက် ဘုရား၊ ပုထိုး၊ စေတီများဖူးမြော် ခွင့်များကို ယာယီပိတ်ထားရာမှ လက်ရှိအချိန်တွင် ကိုရိုနာ ဗိုင်းရပ်စ်-၁၉ ရောဂါ ကာကွယ်၊ တားဆီးရေးလုပ်ငန်းစဉ် များကြောင့် ရောဂါကူးစက်ပျံ့နှံ့မှုကို အတိုင်းအတာ တစ်ရပ်အထိ ထိန်းချုပ်ဆောင်ရွက်နိုင်ပြီဖြစ်သဖြင့် ဘုရား၊ ပုထိုး၊ စေတီများအား အချိန်၊ လူဦးရေကန့်သတ်ချက်များဖြင့် ကိုရိုနာဗိုင်းရပ်စ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ဖူးမြော်ခွင့်ပြုပေးပြီး လူစုလူဝေးဖြင့် အလှူအတန်း ပြုလုပ်ခြင်းများကို ခွင့်မပြုပေးသေးကြောင်း သာသနာရေး ဦးစီးဌာနမှ သိရသည်။

တောင်ကြီးမြို့နယ်အတွင်းရှိ ဘုရား၊ ပုထိုး၊ စေတီများ အား အချိန်၊ ရင်ပြင်တော်အကျယ်အဝန်းပေါ်မူတည်၍ လူဦးရေကန့်သတ်ချက်ဖြင့် ပြန်လည်ဖူးမြော်ခွင့်ကို ဖေဖော်ဝါရီ ၈ ရက်မှစ၍ ဖွင့်လှစ်ပေးပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုရိုနာ ဗိုင်းရပ်စ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ခွင့် ပြုထားကြောင်း သိရသည်။ **စိုင်းသန်းကျော် (တောင်ကြီး)**

# လေ့လာဖူးမြော်စရာ သမိုင်းဝင်မက္ခရာမြို့ဟောင်းမှ စေတီပုထိုးများ

**မန္တလေး ဖေဖော်ဝါရီ ၉**

မြန်မာနိုင်ငံတွင် ရှေးဟောင်းမြို့ များစွာရှိပြီး ကိုယ့်ထီးကိုယ့်နန်းဖြင့် သမိုင်းခိုင်မာစွာ တည်ရှိသောမြို့နိုင်ငံ အဖြစ် ဂုဏ်ယူဖွယ်တည်ရှိနေသည်။


အချို့သောမြို့ဟောင်းများသည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်သွားပြီး ကျန်ရှိနေသော သမိုင်းဝင်ရှေးမြို့ဟောင်း များကိုလည်း ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ သည်။ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် မက္ခရာမြို့ဟောင်း ကိုလေ့လာပြီး စေတီပုထိုးများကို ကြည်ညိုဖွယ်ဖူးမြော်နိုင်ကြောင်း သိရ သည်။

မက္ခရာမြို့ဟောင်းသည် စဉ့်ကိုင် မြို့နယ် ကျောက်ဆည်ခရိုင် အရှေ့ မြောက်ဘက်ဇော်ဂျီမြစ်နှင့် မြစ်ငယ် မြစ်ဆုံရာနေရာမြစ်နှစ်ခု၏ လက်ဝဲ ဘက်ကမ်းတွင် တည်ရှိသည်။ ယခု အခါ ရှေးဟောင်းမက္ခရာမြို့ဟောင်းရှိ စေတီပုထိုးများ ပြုပြင်မွမ်းမံလာခဲ့ သည်မှာ ၁၀ နှစ်ခန့်ရှိပြီး သာယာ ဖြောင့်ဖြူးသော လမ်းပိုင်းများဖြင့် အလွယ်တကူ သွားရောက်ဖူးမြော် နိုင်ပြီဖြစ်သည်။

မက္ခရာမြို့ဟောင်းတွင် ရွှေရောင် တော်စေတီခေါ် လေ့သူကြီးဘုရား၊ ခြင်္သေ့ကြီးများ၊ ဆေးဘုရား၊ မက္ခရာ ရွှေစည်းခုံစေတီ၊ ရွှေစာတီစေတီ၊ ရာဇာကြီးစေတီ၊ လိုဏ်ရှည်စေတီ၊ မင်းကြီးရန်နောင်ဂူဆုတောင်းပြည့် စေတီနှင့်အတူ အခြားစေတီပုထိုးများ စွာကို လေ့လာဖူးမြော်နိုင်သည်။

ဘုရားတစ်ဆူချင်းဆီတွင် ထူးခြား သောသမိုင်းများနှင့် ထူးခြားသော ရှေးဟောင်းအမွေအနှစ်ဓာတ်တော် များ၊ ရုပ်ပွားတော်များကို ဖူးမြော်နိုင် သည်။ မက္ခရာမြို့ရိုးအနီး မြို့ရိုးစေတီ နားတွင် စိတ်ဝင်စားဖွယ်ရာ ပျူအရိုး အိုးများကိုပါ လေ့လာနိုင်သည်။

**နွေနဒီ (မြစ်ငယ်)**



# ဆွမ်ပရာဘွမ်မြို့နယ်၌ ဝါးအခြေခံလက်မှုပညာသင်တန်း ဖွင့်လှစ်

**ဆွမ်ပရာဘွမ် ဖေဖော်ဝါရီ ၉**

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ်၌ ဝါးအခြေခံလက်မှုပညာသင်တန်း ကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၀ နာရီက မြို့နယ်ဘန်ရူခန်းမ၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနက ဖွင့်လှစ်သည်။



ဝါးအခြေခံ လက်မှုပညာသင်တန်း တွင် ဝါးခွက်၊ ဝါးနာရီ၊ ဝါးတစ်ရှူးဘောက်၊ ဝါးရေတခေါင်း၊ ဝါးမီးအုပ်ဆောင်း၊ ဝါးလင်ပန်း စသောဝါးအခြေခံလက်မှု ပညာများကို မြစ်ကြီးနားမှ ဝါးလက်မှု ဆရာနှစ်ဦးက သင်ကြားပို့ချပေးသွား မည်ဖြစ်ပြီး အင်ကောမကျေးရွာ၊ ဖုန်ကျန်း ကျေးရွာ၊ ခင်ဒူယန်ကျေးရွာနှင့် အင်ဆိုင် ယန်ကျေးရွာမှ သင်တန်းသား ၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကုဋ္ဌေ**

**(ပြန်/ဆက်)**

# ဆီးပုလဲသီးခြောက်အဟောင်းများ ဝယ်လက်ပျောက်

**မုံရွာ ဖေဖော်ဝါရီ ၉**

ဆီးပုလဲသီးခြောက်အဟောင်းများ ဝယ်လက်ပျောက်နေသလို ဆီးသီးသစ်များအရည်အသွေးမကောင်း၍ ဈေးကွက်က လက်မခံကြောင်း မုံရွာမြို့ အောင်ချမ်းသာရပ် မြတ်သုခ ဆီးသီးနှင့် သီးနှံပွဲရုံပိုင်ရှင် ဦးမြတ်သင်းထံမှ သိရသည်။

"မနှစ်က ဆီးပုလဲခြောက်ပိဿာချိန် ၁၅ သိန်းလောက် ရောင်းမထွက်ဘဲကျန်နေသေးတယ်။ လက်ရှိမှာ သီးလာတဲ့ အသီးတွေက အရည်အသွေးမကောင်းတော့ ပို့ရတာ ခဲယဉ်းပါတယ်" ဟု ဦးမြတ်သင်းက ပြောကြားသည်။

ဆီးသီးဈေးသည် မုံရွာကုန်စည်ဒိုင်ပဲပေါက်ဈေးလိုမဟုတ် ဘဲ ကြိုက်ရောင်းကြိုက်ဝယ်ဖြင့် မိမိပွဲရုံအလျောက် သတ်မှတ်သည့်ဈေးဖြင့် ရောင်းဝယ်ကြရာ တစ်ပိဿာ လျှင် ကျပ် ၁၀ မှ ၁၅ ကျပ်အထိ ကွာဟတတ်ကြောင်း သိရသည်။ လွန်ခဲ့သည့်တစ်ပတ်ခန့်က အဟောင်းသီးကို မုံရွာအရောက် တစ်ပိဿာလျှင် ၁၃၅ ကျပ်ဖြင့် ဝယ်ကြ ကြောင်း သိရသည်။

"အခုလောလောဆယ် အဟောင်းသီးလည်း တရုတ် ပြည်ကဝယ်လက်ပျောက်နေသလို အသစ်ပေါ်တာလည်း အရည်အသွေးမကောင်းဘူးဖြစ်နေတာပါ။ တောင်သူတွေ အနေနဲ့က ၅၀ ရာခိုင်နှုန်းလောက်ကောက်ပြီးကြပေမယ့် ဝယ်လက်တွေအားလုံးက မဝယ်ဘူးဖြစ်နေပါတယ်" ဟု ဦးမြတ်သင်းက ပြောကြားသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# ရွှေတိဂုံစေတီတော်မြတ်ကြီး ဖူးမြော်ကြည်ညိုနိုင်ရေး ရဟန်းရှင်လူ ဘုရားဖူးပြည်သူများသို့ ပန်ကြားလွှာ

COVID-19 ကမ္ဘာ့ကပ်ရောဂါကြီး ဖြစ်ပွားနေသည့်အတွက် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၉-၄-၂၀၂၀ ရက်နေ့မှစ၍ ဘုရားဖူးမြော်ခွင့် ၁၀ လကျော်ကြာ ယာယီရပ်ဆိုင်းခဲ့ရာမှ ယခုအချိန်အခါတွင် COVID-19 ရောဂါကာကွယ်၊ တားဆီးရေး၊ ကုသရေးလုပ်ငန်းစဉ်များကြောင့် ရောဂါကူးစက်ပျံ့နှံ့မှုအား အတိုင်းအတာတစ်ရပ်အထိ ထိန်းချုပ်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်အရ ဘုရား၊ ပုထိုး၊ စေတီများအား အချိန်၊ လူဦးရေကန့်သတ်ချက်များဖြင့် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ၈-၂-၂၀၂၁ ရက်နေ့မှစ၍ ပြန်လည်ဖူးမြော်ခွင့် ပြုပေးသွားမည်ဖြစ်ပြီး လူစုလူဝေးဖြင့် အလှူအတန်းပြုလုပ်ခြင်းများအား ခွင့်မပြုသေးပါကြောင်း ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအား ပန်ကြားအပ်ပါသည်-

## ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအား ဖူးမြော်နိုင်ရေး ဆောင်ရွက်သွားမည့်အစီအစဉ်

(၁) ၈-၂-၂၀၂၁ ရက်နေ့နှင့် ၉-၂-၂၀၂၁ ရက်နေ့များတွင် ရဟန်းသံဃာ၊ သီလရှင်များ ဖူးမြော်နိုင်ရေး ဦးစားပေး ခွင့်ပြုသွားပါမည်၊

(၂) ၁၀-၂-၂၀၂၁ ရက်နေ့တွင် အသက်အရွယ်ကြီးရင့်သူများ၊ မသန်စွမ်းပြည်သူများ ဖူးမြော်နိုင်ရေး ဦးစားပေး ခွင့်ပြုသွားပါမည်၊

(၃) ၁၁-၂-၂၀၂၁ ရက်နေ့မှစ၍ ရဟန်း၊ ရှင်များနှင့် ပြည်သူများ ဖူးမြော်နိုင်ရေး ခွင့်ပြုသွားပါမည်၊

(၄) ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ရာတွင် နေ့စဉ် နံနက် ၀၆ ၀၀ အချိန်မှ ၀၇ ၀၀ အချိန်အထိလည်းကောင်း၊ နံနက် ၀၈ ၀၀ အချိန်မှ ၀၉ ၀၀ အချိန်အထိ လည်းကောင်း၊ နံနက် ၁၀ ၀၀ အချိန်မှ မွန်းလွဲပိုင်း ၁၁ ၀၀ အချိန်အထိ လည်းကောင်း၊ နံနက်ပိုင်း ၃ ကြိမ်၊ မွန်းလွဲပိုင်း ၁၃ ၀၀ အချိန်မှ ၁၄ ၀၀ အချိန်အထိလည်းကောင်း၊ မွန်းလွဲပိုင်း ၁၅ ၀၀ အချိန်မှ ၁၆ ၀၀ အချိန်အထိလည်းကောင်း၊ ညနေ ၁၇ ၀၀ အချိန်မှ ၁၈ ၀၀ အချိန်ထိလည်းကောင်း၊ မွန်းလွဲပိုင်း ၃ ကြိမ် ဖူးမြော်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တစ်ကြိမ်လျှင် ၅၀၀ ဦးနှုန်းဖြင့် တစ်ရက်လျှင် ၆ ကြိမ် စုစုပေါင်း ၃၀၀၀ ဦး ဖူးမြော်ကြည်ညိုနိုင်မည်ဖြစ်ပါသည်၊

(၅) တစ်ကြိမ်လျှင် အရှေ့ဘက်စောင်းတန်းမှ ၂၀၀ ဦး၊ အနောက်ဘက်စောင်းတန်းမှ ၁၅၀ ဦး၊ တောင်ဘက်စောင်းတန်းမှ ၅၀ ဦးနှင့် မြောက်ဘက်စောင်းတန်းမှ ၁၀၀ ဦး၊ တစ်ကြိမ်လျှင် စုစုပေါင်း ၅၀၀ ဦး ဖူးမြော်နိုင်မည်ဖြစ်ပါသည်၊

(၆) သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအပ ဓာတ်လှေကားဖြင့် တက်ရောက်ခြင်း ခွင့်မပြုသေးပါ၊

(၇) ဘုရား၊ ပုထိုး၊ စေတီများ ဖူးမြော်ချိန်အဖြစ် ဘုရားဖူးရန် တစ်ကြိမ်လျှင် ၁ နာရီ ခွင့်ပြုမည်ဖြစ်ပါသည်၊

(၈) ဘုရားဖူးပြည်သူများသည် အသင့်ပြုလုပ်ထားသော Form များတွင် ကိုယ်ရေးအကျဉ်း (အမည်၊ အဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာ) အား ဖြည့်စွက်ပေးရမည်ဖြစ်ပါသည်၊ ပိုမိုမြန်ဆန်စေရေးအတွက် ၎င်းကိုယ်ရေးအကျဉ်းကို မိမိအစီအစဉ်ဖြင့် ကြိုတင်ရေးသားယူလာနိုင်ပါသည်၊

(၉) ဘုရားဖူးပြည်သူများသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား တက်ရောက်လာသည့် မုခ်ဦးများမှသာ ပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

## ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့်အချက်များ

(၁) ဖျားခြင်း (ကိုယ်အပူချိန် ၁၀၀.၄°F / ၃၈°C ထက်ကျော်လွန်ခြင်း)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ရုတ်တရက် အနံ့အရသာပျောက်ဆုံးခြင်း စသည့် COVID-19 သံသယလက္ခဏာတစ်ခုခုရှိနေလျှင် ဘုရားဖူးလာရောက်ခြင်း လုံးဝမပြုရပါ၊

(၂) ဘုရားဖူးပြည်သူများအနေဖြင့် ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ တပ်ဆင်လာရမည်၊ အသက်(၆၀) အထက် အသက်အရွယ်ကြီးရင့်သူများ၊ ဆီးချို၊ သွေးတိုး စသည့် နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် မျက်နှာအကာ(Face Shield)များကိုပါ တွဲဖက်၍ တပ်ဆင်လာရပါမည်၊

(၃) ဘုရားဖူးပြည်သူများ၏ ကိုယ်ရေးအချက်အလက်နှင့် ဖုန်းနံပါတ်များကို သတ်မှတ် Form များနှင့် မှတ်တမ်းစာအုပ်များတွင် မှတ်တမ်းတင်ထားရှိခြင်းလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ရမည်၊

(၄) ဘုရားဖူးပြည်သူများအနေဖြင့် COVID-19 ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ သတိပေးချက်များနှင့် နှိုးဆော်ချက်များကို တိကျစွာ လိုက်နာရမည်၊

(၅) ဘုရားသို့ စတင်ဝင်ရောက်ခြင်းမပြုမီ၊ ဘုရားရှိခိုးပြီးသည့်အခါတိုင်း (လက်ကို ကြမ်းပြင်(သို့မဟုတ်) ဘုရားရင်ပြင်နှင့် ထိတွေ့ပြီးသည့်အခါ) နှင့် ဘုရားဖူးပြီး၍ ဘုရားမှ ထွက်သည့်အခါတွင် စောင်းတန်းအဝင်ဝ၊ ဘုရားရင်ပြင်နှင့် ထွက်ပေါက်များရှိ လက်ဆေးဘေစင်များတွင် ဆပ်ပြာနှင့် ရေကို အသုံးပြု၍ လက်ကို အနည်းဆုံး စက္ကန့်(၂၀) ကြာအောင် စနစ်တကျဆေးကြောခြင်း(သို့မဟုတ်) အယ်ကိုဟောလ် အနည်းဆုံး (၆၀%) ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်(Hand Sanitizer) အသုံးပြုခြင်းတို့ကို ဆောင်ရွက်ပါ၊

(၆) ဘုရားရှိခိုးပြီးတိုင်း (လက်ကိုကြမ်းပြင်(သို့မဟုတ်) ဘုရားရင်ပြင်နှင့် ထိတွေ့ပြီးတိုင်း) လက်ကို စနစ်တကျချက်ချင်း ပြန်လည်ဆေးကြောနိုင်ရန် အယ်ကိုဟောလ် အနည်းဆုံး (၆၀%)ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်(Hand Sanitizer) ဗူးသေးများ ယူဆောင်လာ၍ အသုံးပြုရမည်၊

(၇) စောင်းတန်းဝင်ပေါက်များ၌ တာဝန်ရှိသူများက Non-contact thermometer (သို့မဟုတ်) Thermal Scanner များဖြင့် အပူချိန်တိုင်းတာခြင်းကို ခံယူရမည်၊

(၈) ဘုရားဖူးပြည်သူများအနေဖြင့် စောင်းတန်းဝင်/ ထွက်ပေါက်များနှင့် ရင်ပြင်ပေါ်တို့တွင် တစ်ဦးနှင့်တစ်ဦး (၆) ပေအကွာ တက်ရောက်/ ဖူးမြော်နိုင်ရေး သတ်မှတ်ထားသည့်အတိုင်း စနစ်တကျ တိကျစွာလိုက်နာရမည်၊

(၉) ဘုရား၊ ပုထိုး၊ စေတီများ၏ ပရိဝုဏ်အတွင်းရှိ ဇရပ်၊ တန်ဆောင်းများ၌ အချိန်ကြာမြင့်စွာ ပူဇော်ခြင်း၊ ခေတ္တနားနေခြင်း၊ ဝိုင်းဖွဲ့စားသောက်ခြင်း၊ စတုဒီသာကျွေးမွေးလှူဒါန်းခြင်းတို့ကို လုံးဝရှောင်ကြဉ်ရမည်၊

(၁၀) ဘုရားဖူးပြည်သူများအနေဖြင့် အသုံးပြုပြီး ပါးစပ်နှင့် နှာခေါင်းစည်း(Mask)နှင့် တစ်ခါသုံးတစ်ရှူးစက္ကူများကို အဖုံးပါသော အမှိုက်ပုံးများအတွင်းသို့ စနစ်တကျ စွန့်ပစ်ရမည်၊

(၁၁) ဘုရားပုထိုးစေတီများသို့ ကုသိုလ်ယူသွားရောက်ခဲ့ပြီးနောက် (၇) ရက်အတွင်း ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည့် ရောဂါလက္ခဏာများ ခံစားရပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ ဆေးကုသမှုခံယူရပါမည်။

## တိုင်းဒေသကြီး / ပြည်နယ်ရှိ ဘုရား၊ ပုထိုး၊ စေတီများ ဖူးမြော်နိုင်မည့်အစီအစဉ်

(၁) ၈-၂-၂၀၂၁ ရက်နေ့မှစ၍ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဘုရား၊ ပုထိုး၊ စေတီများကို ဖူးမြော်ကြည်ညို ခွင့်ပြုသွားမည်ဖြစ်ပါသည်၊

(၂) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် COVID-19 ထိန်းချုပ်၊ တားဆီး၊ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဖူးမြော်ကြည်ညိုရမည်ဖြစ်ပါသည်၊

(၃) နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ရှိ ရဟန်းရှင်လူပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားရှိသည့် ဆောင်ရွက်ရမည့်အချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်၊

(၄) နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ရှိ ဘုရားပုထိုးစေတီ ဂေါပကအဖွဲ့ဝင်များအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် ၃၃ ချက်အား ဂေါပကအဖွဲ့များက တာဝန်ယူဆောင်ရွက်ရန်အတွက် ကြိုတင်ပြင်ဆင်ထားရှိရမည်ဖြစ်သည်၊

(၅) သက်ဆိုင်ရာ ဘုရားပုထိုးစေတီဂေါပကအဖွဲ့များအနေဖြင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်နှင့်ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်သွားရမည်ဖြစ်သည်။

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

# ဒီပလိုမာ၊ မဟာသိပ္ပံ၊ ပါရဂူဘွဲ့လွန် သင်တန်း စုစုပေါင်း(၁၃၇)မျိုး၊ သင်တန်းသားဦးရေ ၂၀၀၀ ကျော်ဖြင့် ဖွင့်လှစ်နိုင်ရေး လျှောက်လွှာများ ခေါ်ယူသွားမည်

(၂၀၂၁) ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွယ် တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်ခေါ်ယူရေးကိစ္စရပ်များနှင့်ပတ်သက်၍ (၁-၇-၂၀၂၀) ရက်နေ့တွင် ပြုလုပ်သော ဘွဲ့လွန်ဆေးပညာသင်ကြားရေးအဖွဲ့ အစည်းအဝေး(၁/၂၀၂၀)နှင့် (၄-၂-၂၀၂၁)ရက်နေ့တွင် ကျင်းပသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂/၂၀၂၁) တို့၏ သဘောတူညီချက်အရ ဒီပလိုမာ၊ မဟာသိပ္ပံ၊ ပါရဂူဘွဲ့လွန်သင်တန်း စုစုပေါင်း(၁၃၇) မျိုး၊ သင်တန်းသားဦးရေ(၂၀၈၂)ဦးခန့်ဖြင့် ဖွင့်လှစ်နိုင်ရေးကို (၂၀၂၁)ခုနှစ်၊ ဖေဖော်ဝါရီလ၊ ဒုတိယပတ်မှစ၍ သက်ဆိုင်ရာတက္ကသိုလ်အလိုက် လျှောက်လွှာများ ခေါ်ယူမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

| စဉ် | တက္ကသိုလ် | ဒီပလိုမာ | မဟာသိပ္ပံ | ပါရဂူ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ဆေးတက္ကသိုလ်များ | ၇ | ၃၁ | ၄၇ | ၈၅ |
| ၂။ | သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ | ၂ | ၁၀ | ၉ | ၂၁ |
| ၃။ | သူနာပြုတက္ကသိုလ်များ | ၁ | ၉ | ၁ | ၁၁ |
| ၄။ | ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်များ | ၁ | ၃ | ၃ | ၇ |
| ၅။ | ဆေးဝါးတက္ကသိုလ်များ | - | ၄ | ၄ | ၈ |
| ၆။ | ပြည်သူ့ကျန်းမာရေးတက္ကသိုလ် | ၁ | ၂ | ၁ | ၄ |
| ၇။ | အခြေခံကျန်းမာရေးတက္ကသိုလ် | - | ၁ | - | ၁ |
| | စုစုပေါင်း | ၁၂ | ၆၀ | ၆၅ | ၁၃၇ |

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# Ceylon ခေါ် သီရိလင်္ကာရှိ လေအားလျှပ်စစ်လုပ်ငန်းများကို လေ့လာခြင်း

ကျွန်တော့်ရဲ့ဝန်ထမ်းဘဝ လုပ်ငန်းသဘောသဘာဝအရ ပြည်ပနိုင်ငံတွေကို ရောက်ရှိခိုက် နေ့စဉ်ရုံးလုပ်ငန်းဝတ္တရားတွေကို ဆောင်ရွက်ရင်းနဲ့ ကြုံကူးရေပါဆိုသလို မိမိရောက်ရှိရာ နိုင်ငံတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို လေ့လာခွင့်နဲ့ ပညာဗဟုသုတတွေကို ရှာဖွေစုဆောင်းခွင့်တွေ ရရှိစေခဲ့ပါတယ်။

ငယ်စဉ်ကလေးဘဝကတည်းက သဘောကျမှတ်မိနေတာကတော့ မောင်ပေါက်ကျိုင်းရဲ့ မေးပါများစကားရ၊ သွားပါများခရီးရောက်၊ မအိပ်မနေအသက်ရှည်ဆိုတာပါပဲ။ သိချင်လေ့လာလိုတဲ့ ကျွန်တော့်အတွက်ကတော့ ရေတတ်တုန်းရေတွင်းထဲကျဆိုသလိုပါပဲ၊ ပညာကြွယ်ဝရင် နိုင်ငံဖွံ့ဖြိုးတိုးတက်တာအမှန်ပါပဲ။ လျှပ်စစ်မီးတွေ ထိန်ထိန်၊ မီးပျက်ရင်လည်း စက္ကန့်ပိုင်း၊ မီးပျက်လို့ပျက်မှန်းတောင် မသိလိုက်ရပါဘူး၊ ထိုမျှသာမကပါ လက်ဖက်စိုက်ခင်းတွေရှိရာ တောင်ပေါ်ဒေသနဲ့ မြေပြန့်ဒေသမှာ ခင်းထားတဲ့ မဟူရာအရောင် နိုင်လွန်ကတ္တရာလမ်းတွေကလည်း ဝေ့ကာဝိုက်ကာဖြင့် ကားဆရာတွေအတွက် အဆင်ပြေကာ ချောမွေ့လှပါတယ်။ ကျွန်တော့်ရဲ့အားလပ်ရက်တွေမှာ ခေတ္တခဏရောက်ရှိနေတဲ့ ညီနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း၊ ပညာရေးစနစ်နဲ့ ပထဝီ၊ ရာသီဥတုအခြေအနေတွေကို လေ့လာခွင့်ရရှိခဲ့ပါတယ်။

**Ceylon ခေါ် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ**

ကျွန်တော် ပြောပြချင်တဲ့နိုင်ငံကတော့ တောင်အာရှရှိကျွန်းနိုင်ငံ၊ ဘင်္ဂလားပင်လယ်အော်ရဲ့ အနောက်တောင်ဘက်နဲ့ အာရေဗျပင်လယ်အရှေ့တောင်ဘက်မှာတည်ရှိတဲ့ လင်္ကာဒီပကျွန်း သို့တည်းမဟုတ် Ceylon ခေါ် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံဖြစ်ပါတယ်။ ၁၆ ရာစုမှာ ပေါ်တူဂီနဲ့ ဒတ်ရှ်တို့ရဲ့ အုပ်ချုပ်မှုအောက်ကို ရောက်ရှိခဲ့ရပြီး ထိုမှတစ်ဖန် ၁၈၁၅ ခုနှစ်မှာ



ဗြိတိသျှတို့က သီရိလင်္ကာနိုင်ငံတစ်နိုင်ငံလုံးကို သိမ်းပိုက်အုပ်ချုပ်ခဲ့ပြီး ၁၉၄၈ ခုနှစ်မှာ ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးရရှိခဲ့တာဖြစ်ပါတယ်။

ပထဝီအနေအထားအရ အိန္ဒိယကျွန်းဆွယ်တောင်ဘက်မှာတည်ရှိပါတယ်။ Pearl of India လို့လည်း လူသိများတဲ့နိုင်ငံပါ၊ အိန္ဒိယသမုဒ္ဒရာ၊ အက်ဒမန်ပင်လယ်ကွေ့၊ Mannar ပင်လယ်ကွေ့နဲ့ Palk ရေလက်ကြားတို့က ဝန်းရံထားပါတယ်။ မော်လ်ဒိုက်နိုင်ငံနဲ့လည်း နီးစပ်လျက်ရှိပါတယ်။ အိန္ဒိယသမုဒ္ဒရာအတွင်းတည်ရှိပြီး ကုန်သွယ်ရေး၊ စစ်ရေးမဟာဗျူဟာအရ အရေးကြီးပါတယ်။ ကိုလံဘိုမြို့တော်ဟာလည်း ရေကြောင်းဆိုင်ရာကုန်သွယ်စီးပွားရေးအတွက် မျက်စိကျစရာ အချက်အချာကျတဲ့ မြို့တော်လည်းဖြစ်ပါတယ်။

နိုင်ငံအရွယ်အစားသေးငယ်ပြီး လူဦးရေ ၂၁ သန်းကျော်သာရှိကာ ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားရာ ဗုဒ္ဓဘာသာနိုင်ငံလည်းဖြစ်ပါတယ်။ သီရိလင်္ကာမှာ ဆင်ဟာလိစ်၊ တမီးလ်နှင့် အစ္စလာမ်စတဲ့ အဓိကလူမျိုးစု သုံးစုသာရှိပြီး ဆင်ဟာလာနှင့် တမီးလ်ဘာသာစကားတို့ကို ပြောဆိုကြပါတယ်။ ဥရောပမြေပုံရေးဆွဲသူတွေက Ceylon လို့ခေါ်ကြပါတယ်။ ယနေ့ထက်တိုင် Ceylon နာမည်ကို ကုန်သွယ်ရေးလုပ်ငန်းတွေမှာ အသုံးပြုနေကြဆဲဖြစ်ပါတယ်။ Ceylon Tea, Bank of Ceylon အမည်နဲ့ ကျော်ကြားလူသိများလှပါတယ်။

**ဒေသတွင်း စစ်ရေးအရလည်း အခရာကျ**

မြန်မာနိုင်ငံနဲ့ သီရိလင်္ကာ ဆက်ဆံရေးဟာလည်း ပုဂံခေတ်ကာလ ဘုရင်အနော်ရထာမင်းနဲ့ သီဟိုဠ်ဘုရင် ဝိဇယဘာဟုတို့အကြား ဘာသာသာသနာကို အကြောင်းပြု၍ နှစ်နိုင်ငံ အပြန်အလှန် ဆက်ဆံမှုတွေလည်း ရှိခဲ့ပါတယ်။ အိန္ဒိယသမုဒ္ဒရာကို အမှီပြုကုန်သွယ်ကြတဲ့ နိုင်ငံတကာမှ ကုန်တင်သင်္ဘောတွေက ကိုလံဘိုမြို့ဆိပ်ကမ်းကို ဝင်ရောက်ဆိုက်ကပ်တာကြောင့်လည်း သီရိလင်္ကာနိုင်ငံဟာ စီးပွားရေးအတွက် အဓိကကျသလို ဒေသတွင်းစစ်ရေးအရလည်း အခရာကျလာပါတယ်။

ယင်းသို့သော အိန္ဒိယသမုဒ္ဒရာနဲ့ကမ်းရိုးတန်းတွေ ဝန်းရံထားတဲ့ သီရိလင်္ကာနိုင်ငံမှာ လျှပ်စစ်စွမ်းအင်ကို Mini Hydro Power ၂၀၈ ခုမှ လျှပ်စစ်ဓာတ်အား ၄၁၅ ဒသမ ၀၉၄ မဂ္ဂါဝပ်၊ လေအားလျှပ်စစ် ၁၇ ခုမှ လျှပ်စစ်ဓာတ်အား ၁၄၈ ဒသမ ၄၅ မဂ္ဂါဝပ်၊ Biomas – Agricultural & Industrial Waste Power လေးခုမှ လျှပ်စစ်ဓာတ်အား ၁၃ ဒသမ ၀၈ မဂ္ဂါဝပ်၊ Biomas – Dendro Power ကိုးခုမှ လျှပ်စစ်ဓာတ်အား ၂၇ ဒသမ ၀၁ မဂ္ဂါဝပ်၊ Solar Power ၁၅ ခုမှ လျှပ်စစ်ဓာတ်အား ၅၈ ဒသမ ၃၆ မဂ္ဂါဝပ် သုံးစွဲနိုင်ပြီ ဖြစ်ပါတယ်။ အစိုးရအနေနဲ့လည်း အပူစွမ်းအင်မှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ခြင်းဟာ ကုန်ကျစရိတ်များတာကြောင့် ပြည့်ဖြိုးမြဲစွမ်းအင်စီမံကိန်းတွေ ပိုမိုဖွံ့ဖြိုးတိုးတက်ဖို့ အကောင်အထည်ဖော်ဆောင်လျက်ရှိပါတယ်။ လေအားလျှပ်စစ်စီမံကိန်းအတွက် နိုင်ငံတကာချေးငွေဖြစ်တဲ့ ADB နဲ့ အိမ်နီးချင်းအိန္ဒိယနိုင်ငံရဲ့ အကူအညီနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

**သီရိလင်္ကာနိုင်ငံရဲ့ ကနဦးဆုံး စီးပွားဖြစ်လေအားလျှပ်စစ်ကို Senok Wind Power ကနေ လျှပ်စစ်ဓာတ်အား ၁၀ မဂ္ဂါဝပ်ရရှိပြီး ကျွန်းရဲ့အနောက်မြောက်ဘက်ကမ်းရိုးတန်းရှိ Puttalam ဒေသမှာ စတင်သုံးစွဲနိုင်ခဲ့ပါတယ်။ လေအားလျှပ်စစ်ကို စဉ်ဆက်မပြတ် မြန်နှုန်းမြင့် လည်ပတ်ထုတ်ပေးနိုင်တဲ့ ၆၄ မီတာအချင်းရှိ Three bladed epoxy-bonded fiberglass rotor နဲ့ မောင်းနှင်တဲ့ S64-1250 အမျိုးအစား လေရဟတ် တာဘိုင်တွေကို အသုံးပြုထား။**

**ကနဦးဆုံး စီးပွားဖြစ်လေအားလျှပ်စစ်**

သီရိလင်္ကာနိုင်ငံရဲ့ ကနဦးဆုံး စီးပွားဖြစ်လေအားလျှပ်စစ်ကို Senok Wind Power ကနေ လျှပ်စစ်ဓာတ်အား ၁၀ မဂ္ဂါဝပ်ရရှိပြီး ကျွန်းရဲ့အနောက်မြောက်ဘက် ကမ်းရိုးတန်းရှိ Puttalam ဒေသမှာ စတင်သုံးစွဲနိုင်ခဲ့ပါတယ်။ လေအားလျှပ်စစ်ကို စဉ်ဆက်မပြတ်မြန်နှုန်းမြင့် လည်ပတ်ထုတ်ပေးနိုင်တဲ့ ၆၄ မီတာအချင်းရှိ Three bladed epoxy–bonded fiberglass rotor နဲ့ မောင်းနှင်တဲ့ S64–1250 အမျိုးအစား လေရဟတ်တာဘိုင်တွေကို အသုံးပြုထားပါတယ်။ ဒါ့အပြင် လေစွမ်းအင်ကနေ လျှပ်စစ်ဓာတ်အား ၁၀ မဂ္ဂါဝပ်ထွက်မယ့် လေအားလျှပ်စစ်တာဘိုင်ကို ကျွန်းရဲ့အနောက်မြောက်ဘက်ကမ်းရိုးတန်းရှိ Kalpitiya အရပ်မှာ တည်ဆောက်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် Lanka Energy Fund က လေအားလျှပ်စစ်စီမံကိန်းမှာ ၃၈၄ သန်း ရင်းနှီးမြှုပ်နှံထားပါတယ်။

သို့အတွက်ကြောင့် သမုဒ္ဒရာဝန်းရံပြီး ကမ်းရိုးတန်းတွေ၊ ရေအိုင်ကြီးတွေ၊ မြေပြန့်နဲ့ တောင်ကုန်းတောင်တန်းရှိတဲ့ သီရိလင်္ကာနိုင်ငံမှာ လျှပ်စစ်ဓာတ်အားကို လေအားလျှပ်စစ်တာဘိုင်တွေကနေ ထုတ်ယူအသုံးပြုနိုင်သလို မဟာဓာတ်အားလိုင်းရောက်ရှိနိုင်ခြင်းမရှိသေးတဲ့ မြန်မာနိုင်ငံရဲ့ကမ်းရိုးတန်းဒေသတွေဖြစ်တဲ့ ရခိုင်ကမ်းရိုးတန်း၊ တနင်္သာရီကမ်းရိုးတန်း၊ တောင်ကုန်းတောင်တန်းတွေနဲ့ လွင်ပြင်တွေရှိတဲ့ ဒေသတွေမှာနေထိုင်ကြတဲ့ ကျေးလက်ဒေသနေပြည်သူတွေ လျှပ်စစ်ဓာတ်အားရရှိနိုင်ရေးအတွက် ဒီဇယ်အင်ဂျင်ကို အသုံးပြုပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်တဲ့နေရာမှာ လေအားလျှပ်စစ် တာဘိုင်တွေ စိုက်ထူပြီး လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲနိုင်ပါက ကျေးလက်ပြည်သူတွေရဲ့စီးပွားရေးလုပ်ငန်းတွေဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ ချောင်းသာ၊ ငွေဆောင်ကမ်းခြေရှိ ဟိုတယ်နဲ့ခရီးသွားလုပ်ငန်းတွေလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မယ့်အပြင် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု လျှော့ချနိုင်ရေးအတွက် ကာဗွန်ထုတ်လွှတ်မှုနည်းပါးတဲ့ သန့်ရှင်းတဲ့ စွမ်းအင်ရရှိရေးအတွက်လည်း တစ်ဖက်တစ်လမ်းကနေ အထောက်အကူပြုမယ်လို့ ထင်မြင်စဉ်းစားမိပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

ကျော်ထွန်းဦး

ကိုးကား– The Ceylon Electricity Board(CEB), http://www.britannica.com

# ဟိုပုံးမြို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲနှင့် စံပြကျေးရွာဆုများပေးအပ်

**ဟိုပုံး ဖေဖော်ဝါရီ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲနှင့် စံပြကျေးရွာဆုပေးအပ်ပွဲကို နံနက် ၁၀ နာရီတွင် လွယ်အွန့်ကျေးရွာအုပ်စု ရန်ကင်းဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က မြစိမ်းရောင်စီမံကိန်းနှင့် ပတ်သက်သည့် ကိစ္စရပ်များ မြစိမ်းရောင်ကျေးရွာနှင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့် သုံးသပ်ဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ စီမံကိန်းရေရှည်တည်တံ့စေရေး၊ ချေးငွေများ ထုတ်ချေးခြင်းနှင့် ပတ်သက်သည့် အခက်အခဲကိစ္စရပ်များ၊ ရန်ပုံငွေဆုံးရှုံးမှုမဖြစ်ပေါ်စေရေးနှင့် ချမှတ်သင့်သည့် စည်းကမ်းများ၊ ချေးငွေများပုံမှန်ပြန်လည်ရရှိရေးအတွက် ဆောင်ရွက်သင့်သည့်နည်းလမ်းများ၊ ကျေးရွာကော်မတီဝင်များနှင့် အသင်းသားများ၏ အခက်အခဲ အားသာချက်၊ အားနည်းချက်များ၊ စီမံကိန်းအောင်မြင်ရန်လိုအပ်သော အထောက်အပံ့များ၊ ဌာန၏ကူညီဖြေရှင်းပေးနိုင်မှုကိစ္စရပ်များကို နည်းလမ်းတကျဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဟိုပုံးမြို့နယ်အတွင်းရှိ မြစိမ်းရောင်ကျေးရွာကော်မတီအဖွဲ့ဝင်များ စီမံကိန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ အားနည်းချက် အားသာချက်များ၊ စိုက်ပျိုးရေးမွေးမြူရေးကိစ္စရပ်များနှင့် ပတ်သက်၍ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး ဟိုပုံးမြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းများမှ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော စံပြမြစိမ်းရောင်ကျေးရွာသုံးရွာအား တာဝန်ရှိသူများက ဆုအသီးသီးပေးအပ်ခဲ့သည်။

ဟိုပုံးမြို့နယ်၌ ကျေးရွာတစ်ရွာလျှင် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေကျပ်သိန်း၃၀၀ ဖြင့် ၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်အထိ ယူနစ် ၅၀ ဖြင့် ကျေးရွာပေါင်း ၆၂ ရွာကို အကောင်အထည်ဖော်ဆောင်ရွက် နိုင်ခဲ့ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

နန်းခမ်းခြူး(ဟိုပုံး)



# COVID-19 ကပ်ရောဂါကူးစက်မှုလျှော့ချနိုင်ဖို့ လေဝင်လေထွက်ကောင်းမွန်မှုမရှိသော အလုံပိတ်နေရာများကို ရှောင်ကြဉ်ပါ



#LETSBEATCOVIDTOGETHER

COVID-19 ကပ်ရောဂါကူးစက်မှုကို လျှော့ချနိုင်ဖို့ ဆောင်ရန်၊ ရှောင်ရန်တွေက ဘာတွေလဲ?
ရှောင်ကြဉ်သင့်တဲ့အရာတစ်ခုကတော့ လူများများပြားရှိပြီး လေဝင်လေထွက်ကောင်းမွန်မှုမရှိတဲ့ "အလုံပိတ်နေရာများ" ပဲ ဖြစ်ပါတယ်။ ဒီလိုနေရာတွေက COVID-19 ပိုးမွှားတွေ အကြိုက်ပါပဲ။ လေအေးပေးစက်အသုံးပြုထားတဲ့ အလုံပိတ်နေရာတွေထဲမှာ ပိုးမွှားတွေဟာ အချိန်ကြာမြင့်အောင် လွင့်မျောနေနိုင်ပါတယ်။ ကောင်းမွန်တဲ့ လေဝင်လေထွက်စနစ်မရှိတဲ့ အလုံပိတ်အခန်းတွေဟာ ဝေးဝေးရှောင်ရမယ့်အရာပါပဲ။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲနေပြီး အိမ်ထဲမှာလည်း လေဝင်လေထွက်ကောင်းအောင် ပြုလုပ်ထားသင့်ပါတယ်။ လူကျပ်တဲ့အချိန်တွေမှာလည်း ဘတ်စ်ကားအသုံးပြုမှုကို ရှောင်ကြဉ်ပါ။

# အများသုံး သယ်ယူပို့ဆောင်ရေးယာဉ် အသုံးပြုတဲ့အခါ



#LETSBEATCOVIDTOGETHER

လူစုလူဝေးဖြစ်တဲ့နေရာတွေကို ဂရုစိုက်ပါ။ ဥပမာ - ဘတ်စ်ကားစီးနင်းတဲ့အခါမျိုးပါ။ ပြည်တွင်းကူးစက်မှုတွေဟာလဲ တဖြည်းဖြည်း မြင့်မားနေပါတယ်။ လေအေးပေးစက်အသုံးပြုတဲ့ ဘတ်စ်ကားတွေ စီးမယ်ဆိုရင် နှာခေါင်းစည်း၊ Face shield၊ လက်အိတ်စတဲ့ တစ်ကိုယ်ရည်သုံးကာကွယ်ရေး ပစ္စည်းတွေ ဝတ်ဆင်ဖို့ မမေ့ပါနဲ့။ မိမိရဲ့မျက်နှာကိုလဲ လက်တွေနဲ့ မထိပါနဲ့။ အိမ်ပြန်ရောက်တဲ့အခါမှာလည်း လက်ကို သေချာစွာ ဆေးကြောပေးပါ။

# မိမိကိုယ်တိုင်က ရောဂါဖြန့်ဖြူးသူမဖြစ်ပါစေနဲ့



#LETSBEATCOVIDTOGETHER

မိမိကိုယ်တိုင်က ရောဂါပိုးဖြန့်ဖြူးသူ မဖြစ်ပါစေနှင့်။
ရောဂါပိုးဖြန့်ဖြူးမိတဲ့သူ မဖြစ်ပါစေနဲ့။ စည်းကမ်းတွေကို လိုက်နာထားက သင်ကိုယ်တိုင်အပြင် အခြားသူများကို လည်း ရောဂါကူးစက်မယ့် အန္တရာယ်ကနေ ကာကွယ်ပြီးသားဖြစ်မှာပါ။ သင့်မှာ COVID-19 ရောဂါလက္ခဏာတွေ ရှိနေတယ်ဆိုရင် အခြားသူတွေ မကူးစက်အောင် အိမ်မှာပဲ တတ်နိုင်သမျှနေပါ။ ကိုဗစ်ကို အတူတိုက်ထုတ်ကြပါစို့။

# ဆေးလိပ်သောက်ခြင်းနှင့် ကိုဗစ်ဟာ အန္တရာယ်ရှိတဲ့ ပေါင်းစပ်မှုတစ်ခုပါ



#LETSBEATCOVIDTOGETHER

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်အဆိုအရ ဆေးရုံတင်ထားရသည့် COVID-19 လူနာများထဲမှာ ရောဂါလက္ခဏာ ပြင်းထန်စွာခံစားရခြင်းနှင့် သေဆုံးမှုမြင့်တက်ခြင်းဟာ ဆေးလိပ်သောက်ခြင်းနှင့် ဆက်စပ်မှုရှိတယ်လို့ ဆိုပါတယ်။ ဆေးလိပ်သောက်ခြင်းက နှလုံးနှင့်အဆုတ်ရောဂါဖြစ်နိုင်ခြေကို မြင့်တက်စေပါတယ်။ ဒီလိုအကြောင်းတွေကြောင့် ယခုအချိန်က သင်ဆေးလိပ်ဖြတ်ဖို့အတွက် အသင့်တော်ဆုံးအချိန်ပါ။ ဒီလိုဖြတ်လိုက်မယ်ဆိုရင် သင့်မိသားစုက လည်း ကျေးဇူးတင်မှာပါ။

## ငရုတ်သီးမျိုးပေါ်မူတည်ပြီး ဈေးကွာခြားမှုများရှိ

**ညောင်ဦး ဖေဖော်ဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် လက်ပံခြေပေါ်အုပ်စုကျေးရွာများသည် ငရုတ်သီးအမြောက်အမြားစိုက်ပျိုးသည့်ကျေးရွာများဖြစ်ကြကာ ငရုတ်သီးများ ရင့်မှည့်ဆွတ်ခူးရောင်းချချိန် ငရုတ်မျိုးပေါ်မူတည်ကာ ဈေးနှုန်းကွာခြားမှုဖြင့် ရောင်းချနေရကြောင်း လက်ပံခြေပေါ်ကျေးရွာအုပ်စု ရွာသစ်ကုန်းကျေးရွာမှ ဒေါ်နီလုံးထံမှ သိရသည်။

ညောင်ဦးမြို့နယ် ငရုတ်စိုက်တောင်သူများသည် မြေအောက်ရေတူးဖော်ကာ လယ်ယာကိုင်းကျွန်း၊ ဥယျာဉ်ခြံလုပ်ငန်းများ လုပ်ကိုင်ကြရာ ဈေးနှုန်းကောင်းနိုးရာရာသီနှံများ စိုက်ပျိုးကြပြီး ယခုနှစ်တွင်လည်း ငရုတ်စိုက်ပျိုးကြရာ အောင်မြင်ဖြစ်ထွန်းပြီး အသီးသီးနှုန်းလည်းကောင်းမွန်ကာ ငရုတ်သီးမျိုးပေါ်မူတည်၍ ဈေးနှုန်းကွာခြားသွားကြောင်း သိရသည်။

မြေအောက်ရေသွင်းစိုက်ပျိုးကြသည့် ညောင်ဦးမြို့နယ် ငရုတ်စိုက်တောင်သူများသည် မျှားနီတံဆိပ် အောက်ဆွဲသီးနှင့် မျှားနီတံဆိပ် မိုးထောင်သီးနှစ်မျိုး စိုက်ပျိုးကြကြောင်း၊ ငရုတ်သီးဆွတ်ခူးရောင်းချချိန် မျှားနီတံဆိပ် အောက်ဆွဲသီးတစ်ပိဿာကျပ် ၆၀၀ ရောင်းချရပြီး မျှားနီတံဆိပ်မိုးထောင်သီးတစ်ပိဿာကျပ် ၁၄၀၀ ရောင်းချရကြောင်း ငရုတ်စိုက်တောင်သူ ဦးဝင်းတင့်က ရှင်းပြသည်။

**ကိုထိန်(kPD)**

## မြေအောက်ရေဖြင့် ပန်းစိုက်ပျိုးသူများ ဝင်ငွေရ

**ရေနံချောင်း ဖေဖော်ဝါရီ ၉**

ကိုင်းမြေများတွင် မြေအောက်ရေဖြင့် ဂန္ဓမာပန်း၊ မေမြို့ပန်း၊ အာဆီယံသပြေများကို အဓိကထားစိုက်ပျိုးသူများနေကြောင်း ရေနံချောင်းမြို့နယ် တောင်သူများထံမှ သိရသည်။

"အခုနှစ်မှာ ဂန္ဓမာပန်းစိုက်ပါတယ်။ ဂန္ဓမာမျိုးစေ့နဲ့ ပျိုးပင်တွေကို ပြင်ဦးလွင်က ဝယ်ယူပြီး စိုက်ပါတယ်။ ဂန္ဓမာပန်းကို ရေသွင်းရေဖျန်းပြီးစိုက်ကြရတဲ့အတွက် စရိတ်စခတွေရှိတယ်။ ဒါပေမယ့် နှစ်လအတွင်း အပွင့်ကိုဆွတ်ခူးရောင်းချရတယ်။ ပန်းကိုအဓိကစိုက်နေကြပြီး ဝင်ငွေရပါတယ်" ဟု ဖောင်းကတောကျေးရွာသစ်မှ တောင်သူဦးထွန်းအေးက ပြောကြားသည်။

ရေနံချောင်းမြို့နယ်ရှိ ကိုင်းမြေများ၌ ပန်းမျိုးစုံ ဂန္ဓမာ၊ သပြေ စသည့်ပန်းများကို စိုက်ပျိုးကြပြီး လက်လီနှင့်လက်ကား ရောင်းချကြောင်း သိရသည်။ ယခင်က ရေနံချောင်း၌ မန္တလေးတိုင်းဒေသကြီးထွက်ပန်းများကိုသာ အဓိကထား၍ ရောင်းချရသော်လည်း ယခုအခါ ဂန္ဓမာ၊ သပြေ၊ သစ္စာပန်း၊ မေမြို့နှင့် နှင်းဆီပန်းများ ထွက်ရှိနေပြီဖြစ်သည်။

**ဆန်းညွှန့် (ရေနံချောင်း)**



## ဝန်းသိုမြို့နယ်၌ အခြေခံစက်ချုပ်သင်တန်းဖွင့်

**ဝန်းသို ဖေဖော်ဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ကင်းမြင်သာကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးစေရန် ရည်ရွယ်၍အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းကို အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

သင်တန်းတွင် လုံချည်ပတ်လည် ဒေါက်မျိုးစုံထည့်နည်း၊ ဘောင်းဘီချုပ်နည်း၊ သဘော်သားအင်္ကျီချုပ်နည်း၊ ခါးတိုအင်္ကျီချုပ်နည်း၊ ခါးရှည်ရင်စေ့/လက်စကချုပ်နည်း၊ ခါးရှည်ရင်ဖုံး/လက်စကချုပ်နည်း၊ အမျိုးသားလက်ရှည်အင်္ကျီချုပ်နည်း၊ ရှပ်ကော်လံအင်္ကျီချုပ်နည်း စသည့်ဘာသာရပ် ၁၂ ခု သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းကို သင်တန်းကာလတစ်လသတ်မှတ်သင်ကြားပေးလျက်ရှိကြောင်း၊ ကင်းမြင်သာကျေးရွာအုပ်စုနှင့် အနီးကျေးရွာများမှ သင်တန်းသားတစ်ဦး၊ သင်တန်းသူ ၃၉ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း၊ ဖေဖော်ဝါရီ ၈ ရက်တွင် ဘောင်းဘီချုပ်နည်းသင်ခန်းစာပြီးမြောက်၍ သင်တန်းသားသင်တန်းသူများကိုယ်တိုင် ချုပ်လုပ်ထားသည့် ဘောင်းဘီတိုများကို မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**မွေးကြူဇင်**



## သာရမဲ-ရှောင်ထဲ ကျေးရွာချင်းဆက်တံတားတည်ဆောက်မှု ၇၄ ရာခိုင်နှုန်းခန့်ပြီးစီး

**မြိတ် ဖေဖော်ဝါရီ ၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု သာရမဲကျေးရွာနှင့် ပြင်းငယ်ကျေးရွာအုပ်စု ရှောင်ထဲကျေးရွာတို့ကို ရာသီမရွေး သွားလာမှုလွယ်ကူစေရန် တည်ဆောက်နေသည့် သာရမဲ-ရှောင်ထဲ ကျေးရွာချင်းဆက်တံတား တည်ဆောက်နေမှုမှာ ယခုအခါ ၇၄ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း တံတားအထူးအဖွဲ့ ၁၃ (မြိတ်) မှ တာဝန်ခံ အင်ဂျင်နီယာ ဦးတင်ထွေးထံမှ သိရသည်။

အဆိုပါ ရေဇင်းချောင်းတံတား၏ စီမံကိန်းခန့်မှန်းတန်ဖိုးငွေမှာ ငွေကျပ်သန်း ၂၂၂၀ ဒသမ ၀၀ (ချဉ်းကပ်လမ်းမပါ) ဖြင့် တည်ဆောက်လျက်ရှိရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ ရရှိရန်ပုံငွေမှာ တနင်္သာရီတိုင်းဒေသကြီးရန်ပုံငွေကျပ်သန်း ၃၀၀ ဒသမ ၀၀ ဖြင့်လည်းကောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တနင်္သာရီတိုင်းဒေသကြီးရန်ပုံငွေကျပ်သန်း ၅၀၀ ဒသမ ၀၀ ဖြင့် တည်ဆောက်လျက်ရှိပြီး ယင်းတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးဖွဲ့ (၁၃) (မြိတ်) က တာဝန်ယူ၍ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မှ စတင်တည်ဆောက်လျက်ရှိကြောင်း တံတားအထူးဖွဲ့ (၁၃) (မြိတ်)မှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ယင်း သာရမဲ-ရှောင်ထဲ ကျေးရွာချင်းဆက်တံတား၏ အရှည်မှာ ပေ ၄၈၀ ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေရှိကာ လူသွားလမ်းအကျယ် တစ်ဖက်သုံးပေစီ နှစ်ဖက်ပါရှိပြီး ရေလမ်းကင်းလွတ်အကျယ်မှာ ၁၀၄ ပေနှင့် ရေလမ်းကင်းလွတ်အမြင့် သုံးမီတာ ၉ ဒသမ ၈၄၃ ပေဖြင့် တည်ဆောက်လျက်ရှိရာ တံတား၏ ခံနိုင်ဝန်မှာ ၇၅ တန်ရှိကြောင်း၊ တံတားကို ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ်ကိုယ်ထည်၊ သံကူကွန်ကရစ်ရက်မ+သံမဏိရက်မ (Plate Girder)+ သံကူကွန်ကရစ်ကြမ်းခင်းအပေါ်ထည် အမျိုးအစားဖြင့် တည်ဆောက်လျက်ရှိကြောင်း တံတားအထူးအဖွဲ့(၁၃) (မြိတ်)မှ သိရသည်။

မြိတ်မြို့နယ်အတွင်းရှိ ကျေးရွာအများစုတွင် ရေလုပ်ငန်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများကိုအဓိကထားကာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုအနေဖြင့်လုပ်ကိုင်နေသည့် မြို့နယ်တစ်မြို့နယ်ဖြစ်သည့်အတွက် ယင်းကျေးရွာများတွင်တံတားမရှိသဖြင့် တစ်ရွာနှင့်တစ်ရွာ ကုန်စည်တင်ပို့မှုနှင့် ခြံထွက်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း သို့တင်ပို့ရောင်းချရာတွင် အခက်အခဲများစွာကြုံတွေ့နေရကြောင်း၊ အဆိုပါ သာရမဲ-ရှောင်ထဲကျေးရွာချင်းဆက်တံတားပြီးစီးသွားပါက ပြင်းငယ်အုပ်စု အတွင်းရှိ ရှောင်ထဲ၊ ကျောင်းတောင်၊ ဆံလှတောင်၊ ရင်အုံ၊ မော်တောင်နှင့် ပြင်းငယ်စသည့်ကျေးရွာများနှင့် စန္ဒဝတ်ကျေးရွာအုပ်စုရှိ သာရမဲကျေးရွာမှ တစ်ဆင့် မြိတ်မြို့သို့ ရာသီမရွေး အလွယ်တကူ အဆင်ပြေစွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှုလည်း မြန်ဆန်လာမည့်အပြင် ယင်းကျေးရွာများရှိ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ကာ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး (မြိတ်)**

■

## ဘုတလင်-မောင်းထောင် ကားလမ်းပေါ်တွင် ကွန်ကရစ်ရေကျော်တံတားနှစ်စင်း တည်ဆောက်

**ဘုတလင် ဖေဖော်ဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်၌ ဘုတလင်-မောင်းထောင်ကားလမ်းပေါ်တွင် JICA ၏ချေးငွေဖြင့် ကွန်ကရစ်ရေကျော်တံတားနှစ်စင်း တည်ဆောက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်-မောင်းထောင်ကားလမ်းပေါ်တွင် ၇၂ ပေအရှည်ရှိ ကွန်ကရစ်ရေကျော်တံတားတစ်စင်းနှင့် အရှည် ၃၆ ပေရှိ ကွန်ကရစ်ရေကျော်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်လမှစတင်တည်ဆောက်ခဲ့ရာ ၃၂ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ ဘုတလင်-မောင်းထောင်ကားလမ်းရှိ ကွန်ကရစ်ရေကျော်တံတားနှစ်စင်းကို သတ်မှတ်အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီရေးအတွက် မြို့နယ်အရည်အသွေးစစ်ဆေးရေးအဖွဲ့များ၊ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် JICA မှ တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းအဆင့်တစ်ခုချင်းအလိုက် ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဖိုးခါး(ပြန်/ဆက်)**



## အရာတော်မြို့နယ် ကျေးရွာ ၁၃ ရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**အရာတော် ဖေဖော်ဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၀ ရွာကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့်လည်းကောင်း၊ ကျေးရွာသုံးရွာကို မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့်လည်းကောင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ် ဖော်ဆောင်နိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းတို့ကို ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းများ စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းအခမ်းအနားကို ဇန်နဝါရီလ ဒုတိယပတ်နှင့် တတိယပတ်တို့တွင် သက်ဆိုင်ရာကျေးရွာအလိုက် ကွင်းဆင်းဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း အရာတော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောကြားသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ပဲဝက်၊ ဝါးတောမ၊ အောင်ဆန်း၊ ဟင်္သာမ၊ ဖုတ်ကုန်း၊ ကောင်းသစ်၊ တော်လှ၊ ဟင်္သာ၊ ကူးတို့ကိုင်း၊ ငါးရဟိုး စုစုပေါင်း ကျေးရွာ ၁၀ ရွာနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အိုင်လျား၊ ကျောက်ပုံသာ၊ ကံစွယ် စုစုပေါင်း ကျေးရွာသုံးရွာတို့တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ **မင်းမြင့်မိုရ်**

# ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ်ကာလအတွင်း အိမ်တွင်းအကြမ်းဖက်မှု မကျူးလွန်ရ




မည်သည့်အကြောင်းပြချက်နဲ့မှ အိမ်တွင်းအကြမ်းဖက်မှုကို မကျူးလွန်ရ

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ် ကာလအတွင်းမှာ အောက်ပါအကြောင်းအချက်တွေကြောင့် အမျိုးသမီးနှင့် ကလေးငယ်တွေဟာ အိမ်တွင်းအကြမ်းဖက်မှုပုံစံအမျိုးမျိုးကို ပိုမိုတွေ့ကြုံ ခံစားရနိုင်ပါတယ်။

---



ငွေရေးကြေးရေးနဲ့ စီးပွားရေးအကျပ်အတည်းတွေကြောင့် အိမ်တွင်းတင်းမာမှုတွေ မြင့်တက်လာခြင်း

---



ရောဂါပြန့်ပွားမှု ဘေးအန္တရာယ်ကြောင့် စိုးရိမ်ပူပန်မှုတွေ တိုးပွားလာပြီး စိတ်ဖိစီးမှု များပြားလာခြင်း

---



စိတ်ဖိစီးမှုကို လျှော့ချဖို့အတွက် အရက်သောက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း အစရှိတဲ့ လွဲမှားတဲ့အလေ့အထနဲ့ အမူအကျင့်တွေကို ကျင့်သုံးခြင်း



အိမ်မှုကိစ္စတွေဟာ အမျိုးသမီးတွေနဲ့ပဲ သက်ဆိုင်တယ်၊ ကလေးနဲ့ နာမကျန်းသူတွေကို ပြုစုစောင့်ရှောက်ဖို့က အမျိုးသမီးတွေရဲ့ တာဝန်ပဲဖြစ်တယ် အစရှိတဲ့ ဂျဲန်ဒါ တရားသေ အယူအဆများကြောင့် အမျိုးသမီးအများစုအပေါ်မှာ ဝန်ပိလာလေ့ရှိခြင်း

---



ရောဂါအန္တရာယ်ကြောင့် အိမ်ထဲမှာပဲ နေထိုင်ရခြင်းနဲ့ လှုပ်ရှားသွားလာမှုတွေကို ကန့်သတ်ထားခြင်းကြောင့် လူမှုပေါင်းစည်းမှုတွေ၊ လူမှုအဆက်အသွယ်တွေ ပြတ်တောက်ပြီး ပိုမိုအထီးကျန်စေခြင်း

---




ရောဂါဖြစ်ပွားမှုတွေကြောင့် အကြမ်းဖက်ခံရသူတွေအတွက် ပံ့မှန်ထောက်ပံ့ကူညီပေးနေသော ဝန်ဆောင်မှုတွေ အားနည်းသွားခြင်းနဲ့ ဝန်ဆောင်မှုတွေကို လက်လှမ်းမီရရှိနိုင်ဖို့ ခက်ခဲသွားခြင်း

---





အဲဒါကြောင့် မိမိပတ်ဝန်းကျင်မှာ အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ပွားနေတာကို သိရှိတွေ့မြင်ပါက တိတ်ဆိတ်မနေဘဲ ပူးပေါင်းကူညီ ဆောင်ရွက်ပေးပါ





အိမ်တွင်း အကြမ်းဖက်မှုကို တွေ့ကြုံခံစားရပါက မိမိ ယုံကြည်ရသူတွေကို ဖွင့်ဟပြောဆိုပြီး အကူအညီရယူပါ

---





အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်ပြီး အကူအညီရယူလိုပါက လူမှုဝန်ထမ်းဦးစီးဌာနရဲ့ HELP LINE ဖုန်း ၀၆၇- ၄၀၄၂၂၂ အပြင် ၀၆၇-၄၀၄၉၉၉ တို့ကိုပါ ယုံကြည်စိတ်ချစွာ ဆက်သွယ် အကူအညီရယူနိုင်ပါတယ်

---




အိမ်တွင်းအကြမ်းဖက်မှုများ အပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေအကြံဉာဏ် ရယူလိုပါက ဥပဒေရေးရာကူစားရေးအဖွဲ့(မြန်မာ) ၏ HOT LINE ဖုန်းနံပါတ်များဖြစ်သော ၀၉-၂၆၆၆၈၄၄၄၈ နှင့် ၀၉-၂၆၆၆၈၄၄၄၉ တို့သို့ ဆက်သွယ် အကူအညီရယူနိုင်ပါသည်

---




အကြမ်းဖက်မှုတိုင်းအတွက် အကြမ်းဖက်သူမှာသာ တာဝန်ရှိပါတယ်

## ရုံး/ဌာနများတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန် ကြီးကြပ်သူများ/ တာဝန်ကျဝန်ထမ်းများအနေဖြင့် အချင်းချင်း သတိပေးပြောကြားရမည့် အချက်များ

(အနည်းဆုံး တစ်နေ့ (၃)ကြိမ် ပြောကြားပေးပါရန်)

၁။ နံနက်ခင်း ရုံးသို့ လာရောက်စဉ်နှင့် ရုံးတက်ချိန်တွင် အချင်းချင်းပြောကြားရမည့်အချက်များ

- (COVID-19) ရောဂါပိုးသယ်ဆောင်ထားသော်လည်းအဖြစ်အပျက်ဖြင့်နေကောင်းကျန်းမာစွာဖြင့် ရောဂါလက္ခဏာတစ်စုံတစ်ရာ မပြသူများမှာ (၇၀%)အထက်တွင်ရှိနေသည်။
- (COVID-19)ရောဂါပိုးသည်အသက်ရှုထုတ်ခြင်းဖြင့်အကွာအဝေး(၅)ပေခန့်အထိ၊ ချောင်းဆိုးခြင်းဖြင့် တစ်စက္ကန့်လျှင်(၃၃)ပေနှုန်းဖြင့် (၆)ပေခွဲကျော်အထိ၊ နှာချေခြင်းဖြင့် တစ်စက္ကန့် လျှင် (၁၆၄)ပေနှုန်းဖြင့်(၁၉)ပေခွဲကျော်အထိ ရောက်ရှိနိုင်ပါသည်။
- (COVID-19)ရောဂါပိုးသည် အလုံပိတ်အခန်းများ/Air-con အခန်းများတွင် လေထဲ လွင့်မျောရှိ ကူးစက်ခြင်း(air borne transmission) မှတစ်ဆင့်ကူးစက်နိုင်ပါသည်။

(က) ဝန်ထမ်းကြို/ပို့ယာဉ်များပေါ်တွင် အချင်းချင်းသတိပေးပြောကြားရန်-

- အိမ်အပြင်သို့ ထွက်ရာတွင် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ၊
- ဝန်ထမ်းကြို/ပို့ယာဉ်များကို စောင့်ဆိုင်းသည့်နေရာတွင် တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆)ပေအကွာ ခပ်ခွာခွာနေပါ။
- ဝန်ထမ်းကြို/ပို့ယာဉ်များပေါ်တွင်စီးနင်းရာ၌ ထိုင်ခုံတစ်ခုတွင် တစ်ယောက်ချင်းစီသာ ဇာတ်လွှယ်ခုံ အနေအထားဖြင့် ခပ်ခွာခွာထိုင်ပါ၊ ထိုင်ခုံတစ်ခုတည်းတွင် တစ်ဦးနှင့် တစ်ဦး နီးကပ်စွာ မထိုင်ရပါ။

(မှတ်ချက်။ အများသုံးယာဉ်များအသုံးပြုပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ၊ အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေပါ၊ အယ်လ်ကိုဟော အနည်းဆုံး (၆၀)% ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်ကို မကြာခဏ အသုံးပြုပါ။)

(ခ) ရုံး/ဌာနသို့ ရောက်ရှိချိန်နှင့် ရုံးချိန်အတွင်းတွင် အချင်းချင်းသတိပေးပြောကြားရန်-

- ရုံး/ဌာနသို့ ဝင်ရောက်သည့်အခါ (Physical Distancing) မှုနှင့်အညီ တစ်ဦးနှင့် တစ်ဦး အနည်းဆုံး (၆)ပေအကွာ ခပ်ခွာခွာ ဝင်ရောက်ပါ။
- ရုံး/ဌာနအတွင်းသို့ မဝင်မီ ဆပ်ပြာနှင့် ရေကို အသုံးပြု၍ စက္ကန့် (၂၀) ကြာအောင် လက်ဆေးပါ (သို့မဟုတ်) အယ်လ်ကိုဟော အနည်းဆုံး (၆၀)% ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်ကို အသုံးပြုပါ။
- ရုံးဝင်ပေါက်ဝနေရာများတွင် Non-touch thermometer အသုံးပြု၍ ကိုယ်အပူချိန် တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ပါ။ ပုံမှန် ကိုယ်အပူချိန် (၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်အောက်) ရှိမှသာ လုပ်ငန်းခွင်သို့ ဝင်ရောက်ပါ။
- ရုံးချိန်အတွင်း စည့်သည်လက်ခံခြင်း မပြုရပါ။
- ရုံးချိန်အတွင်းတွင် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ၊ အသုံးပြုပြီး ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စွန့်ပစ်သည့်အခါ အဖုံးပါသည့် အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်ပါ။
- ရုံးတွင်း/ရုံးပြင် ဧည့်ကြို/ဧည့်ခန်း ဌာနများတွင် တာဝန်ကျသူများသည် ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face Shield)၊ လက်အိတ် (Glove) တို့ကို စနစ်တကျ ဝတ်ဆင်ရပါမည်။
- အလုပ်ခွင်၌ ဝန်ထမ်းတစ်ဦးနှင့် တစ်ဦးအကြား (၆)ပေခွာ၍ အလုပ်လုပ်ပါ၊ တတ်နိုင်သမျှ မျက်နှာချင်းဆိုင်မနေရပါ။ ဖြစ်နိုင်ပါက တစ်ဦးနှင့် တစ်ဦးအကြား စားပွဲတင်ပလတ်စတစ်အကာ (Plastic Cover) အသုံးပြုပါ။
- အခြားသူများနှင့် ထိတွေ့မှု အများဆုံးရှိနိုင်သည့် မျက်နှာပြင်များ (ဥပမာ-အလုပ် စားပွဲမျက်နှာပြင်များ)ကို မကြာခဏ ပိုးသတ်သန့်စင်ပါ။
- ရုတ်တရက် နှာချေခြင်း၊ ချောင်းဆိုးခြင်း ပြုသည့်အခါတိုင်း ပါးစပ်နှင့်နှာခေါင်းကို တစ်ခါသုံးတစ်ရှူး (သို့မဟုတ်) တံတောင်ကွေးဖြင့် ယုံကြည်အောင် ဖုံးအုပ်ပါ။ အသုံးပြုပြီးတစ်ရှူးကို အဖုံးပါသည့်အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်ပါ၊ ပြီးလျှင် လက်ကို စနစ်တကျ ဆေးကြောပါ။
- ရုံးချိန်အတွင်းတွင် ဆပ်ပြာနှင့် ရေကို အသုံးပြု၍ လက်ကို စက္ကန့် (၂၀) ကြာအောင် မကြာခဏ စနစ်တကျ ဆေးကြောပါ၊ (သို့မဟုတ်) အယ်လ်ကိုဟော အနည်းဆုံး (၆၀)% ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်ကို အသုံးပြုပါ။
- လုပ်ငန်းခွင်အတွင်း လုပ်ငန်းသဘာဝကြောင့်ဖြစ်စေ၊ မေ့လျော့၍ဖြစ်စေ တစ်ဦးနှင့် တစ်ဦး နီးကပ်စွာ ဆက်ဆံပြောဆိုခြင်း မရှိစေရန် အချင်းချင်းအထူးသတိပေးပါ။

၂။ ထမင်းစားချိန်တွင်-

- ထမင်းစားချိန်တွင် စုဝေး၍စားသောက်ခြင်း မပြုရပါ၊ မိမိ၏ အလုပ်စားပွဲ (သို့မဟုတ်) ထမင်းစားရန်သတ်မှတ်ထားသော နေရာတွင်သာ တစ်ဦးချင်း သီးသန့် စားသောက်ပါ။
- အစားအသောက်၊ အသုံးအဆောင်ပစ္စည်းများကို မျှဝေသုံးစွဲခြင်း မပြုရပါ။

၃။ ညနေခင်း ရုံးဆင်းချိန်နှင့် အိမ်ပြန်ရောက်ချိန်တွင် အချင်းချင်းပြောကြားရမည့်အချက်များ

(က) ရုံးဆင်းချိန်တွင် အချင်းချင်းပြောကြားရမည့်အချက်များ

- ရုံး/ဌာနမှပြန်ချိန်တွင်လည်း တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆)ပေ အကွာ နေထိုင်ခြင်း (Physical Distancing) မှုကို လိုက်နာပါ။
- ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ။
- ဖျားခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရ ခက်ခဲခြင်း စသည့် COVID-19 ရောဂါ သံသယဖြစ်ဖွယ်လက္ခဏာများ ခံစားနေရခြင်း၊ လွန်ခဲ့သော (၁၄)ရက်အတွင်း (COVID-19) စတ်ခွဲအတည်ပြုလူနာ၊ စောင့်ကြည့်လူနာ နှင့် အသွားအလာ ကန့်သတ်ခြင်းခံရသူတို့နှင့် ထိတွေ့မှုရှိခြင်း၊ ရောဂါဖြစ်ပွားမှု များပြား နေသောဒေသများသို့ ခရီးသွားရောက်ခဲ့ခြင်းတို့ရှိခဲ့ပါက ရုံး/ဌာနသို့ လာရောက်ခြင်း လုံးဝ မပြုရပါ၊ သက်ဆိုင်ရာဌာနအကြီးအကဲ နှင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ဆက်သွယ် အကြောင်းကြားပါ။
- ဝန်ထမ်းကြို/ပို့ယာဉ်များ (သို့မဟုတ်) အများပြည်သူသုံးယာဉ်များကို စီးနင်းချိန်တွင် (၁-က) တွင် ဖော်ပြထားသည့် လိုက်နာရန်အချက်များကို ပြန်လည်သတိပေး ပြောကြား ပေးပါ။

(ခ) အိမ်ပြန်ရောက်ချိန်တွင်လိုက်နာရန်ပြောကြားရမည့်အချက်များ

- အိမ်သို့ပြန်ရောက်ပါက ဆပ်ပြာနှင့်ရေကို အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် လက်ဆေးပါ၊ အဝတ်အစားများကို ဆပ်ပြာဖြင့် မိနစ်(၃၀)စိမ်ပြီးနောက် လျှော်ဖွပ်ပါ၊ ဆပ်ပြာဖြင့် ရေချိုးပါ။
- ကိုယ်လက်သန့်စင်ခြင်းမပြုမီ နေအိမ်ရှိ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များနှင့် အနီးကပ် ထိတွေ့ခြင်းမပြုရပါ။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ကြေးမုံ ယနေ့ ဖတ်စရာ

**လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသဖြစ်ရေး နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် ဘိုင်ဒင်နှင့် မိုဒီတို့ သဘောတူညီ**
စာမျက်နှာ » ၁၂

**နေပြည်တော်ကောင်စီ နယ်မြေအတွင်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ အတွင်းရှိ မြို့နယ်များ၌ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၁၄၄ အရ အမိန့်ထုတ်ပြန်**
စာမျက်နှာ » ၁၅

**Ceylon ခေါ် သီရိလင်္ကာရှိ လေအားလျှပ်စစ်လုပ်ငန်းများကို လေ့လာခြင်း**
စာမျက်နှာ » ၂၅



# ရန်ကုန်(ပန်းဆိုးတန်း/ဒလ) ကူးတို့ဆိပ်ကမ်း၌ သင်္ဘောခရီးစဉ်များကို နံနက် ၅ နာရီခွဲမှ ည ၇ နာရီအထိ ပြေးဆွဲပို့ဆောင်ပေးမည်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ရန်ကုန်(ပန်းဆိုးတန်း/ဒလ) ကူးတို့ဆိပ်ကမ်းသည် ဒလမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအပါအဝင် တွံတေးမြို့နယ်၊ ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့ရှိ ခရီးသွားမိဘပြည်သူများစွာတို့ကို စီးပွားရေးမြို့တော် ရန်ကုန်မြို့သို့ ချယ်ရီရေယာဉ် သုံးစင်းဖြင့် နေ့စဉ်ကူးတို့ပို့ဆောင်ပေးလျက်ရှိရာ ခရီးသွားမိဘပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးအတွက် သင်္ဘောခရီးစဉ်များကို ယနေ့မှစတင်၍ နံနက် ၅ နာရီခွဲမှ ည ၇ နာရီအထိ ပြေးဆွဲပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲမှ သိရသည်။

"ဒီနေ့က စတင်ပြီးတော့ သင်္ဘောပြေးဆွဲမယ့်အချိန်ကို ဒလဘက်ကနေ နံနက် ၅ နာရီခွဲမှစပြီး ညနေ ၆ နာရီ မိနစ် ၄၀ မှာ နောက်ဆုံးခေါက်ဖြစ်သွားမယ်၊ ပန်းဆိုးတန်းဘက်ကနေ နံနက် ၆ နာရီမှာစပြီး ည ၇ နာရီအထိ နောက်ဆုံးခေါက်ဖြစ်သွားမယ်။ အချိန်ပြောင်းလဲပြေးဆွဲပေးသွားမှာပါ။ မူလပြေးဆွဲနေတဲ့ သင်္ဘောခရီးစဉ် အသွား ၃၈ ခေါက်၊ အပြန် ၃၈ ခေါက်ကနေ အသွား ၃၅ ခေါက်၊ အပြန် ၃၅ ခေါက်နှုန်းနဲ့ ပြေးဆွဲပေးမှာပါ" ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲ လက်ထောက်အထွေထွေမန်နေဂျာ ဦးလှဝင်းနိုင်က ပြောကြားသည်။

**စာမျက်နှာ ၁၅ ကော်လံ ၁ သို့**



# စစ်တွေမြို့နယ်၌ ငါးခြောက်၊ ပုစွန်ခြောက်များ အရောင်းအဝယ်အဆင်ပြေ


**စစ်တွေ ဖေဖော်ဝါရီ ၉**

ကိုဗစ်-၁၉ ရောဂါအလွန်ကာလ စစ်တွေမြို့ မြို့မဈေးကြီးတွင် ငါးခြောက်၊ ပုစွန်ခြောက်ရောင်းချနေသူများ အရောင်းအဝယ်လိုက်ကာ မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

### ရောင်းချပေးနေ

စစ်တွေမြို့ ပြည်တော်သာရပ်ကွက် မြို့ဈေးကြီးတွင် ငါးခြောက်နှင့် ပုစွန်ခြောက်များ ရောင်းချနေသော ဒေါ်ဆွေဆွေသန်းက "ကျွန်မကတော့ ရွှေပုစွန်၊ ငါးနီတူခြောက်၊ ငါးလှသာခြောက်၊ ဂုံးခြောက်တွေနဲ့ ငါးမုန့်ခြောက်တွေ ရောင်းချပါတယ်။ ရွှေပုစွန်ခြောက်တွေဆိုရင် ဈေးနှုန်းက အမျိုးအစားအလိုက် ကွာခြားပြီးတော့ တစ်ပိဿာကို ငွေကျပ် ၃၀၀၀၀ အထိ အမြင့်ဆုံးရှိပါတယ်။ ငါးနီတူခြောက်တွေဆိုရင်လည်း ငွေကျပ် ၉၀၀၀ ထိရောင်းချပေးနေပါတယ်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေတာကြောင့် ဈေးတွေပိတ်တဲ့အချိန်၊ လမ်းပန်းဆက်သွယ်ရေးတွေ ပိတ်တဲ့အချိန်တော့ ရောင်းအားက ကျဆင်းခဲ့ပါတယ်။ အခုဆိုရင် လေယာဉ်ခရီးစဉ်တွေလည်း ပြန်လည်ပြေးဆွဲပြီဖြစ်တဲ့အတွက်

**စာမျက်နှာ ၁၅ ကော်လံ ၄ သို့**



# ချင်းရွှေဟော်မြို့မှ နေရပ်ပြန်ပြည်သူ ၃၅ ဦးအား သက်ဆိုင်ရာဒေသများသို့ ဆက်လက်လွှဲပြောင်းပို့ဆောင်

**ချင်းရွှေဟော် ဖေဖော်ဝါရီ ၉**

ချင်းရွှေဟော်မြို့ရှိ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ ဝင်ရောက်လာသော တရုတ်နိုင်ငံမှ ပြန်လာသည့် မြန်မာနိုင်ငံသားနေရပ်ပြန်ပြည်သူ ၃၅ ဦးအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များက ၎င်းတို့၏ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် ဖေဖော်ဝါရီ ၇ ရက်က ၁၄ ဦးနှင့် ယမန်နေ့ နံနက် ၁၁ နာရီက ၂၁ ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၃၅ ဦးအား လားရှိုးမြို့သို့ ဆက်လက်လွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။

အဆိုပါ မြန်မာနိုင်ငံသားနေရပ်ပြန်ပြည်သူ ၃၅ ဦးမှာ အမျိုးသား ၂၂ ဦး၊ အမျိုးသမီး ၁၃ ဦးတို့ဖြစ်ကြပြီး ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်မှ တစ်ဦး၊ သဃ်န်းကျွန်းမြို့နယ်မှ သုံးဦး၊ တာမွေမြို့နယ်မှ နှစ်ဦး၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်မှ တစ်ဦး၊ မြစ်ငယ်မြို့နယ်မှ တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်မှ သုံးဦး၊ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်မှ တစ်ဦး၊ တောင်တွင်းကြီးမြို့နယ်မှ တစ်ဦး၊ ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်မှ တစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်မှ နှစ်ဦး၊ ကျုံပျော်မြို့နယ်မှ သုံးဦး၊ နေပြည်တော် ဥတ္တရသီရိမြို့နယ်မှ ငါးဦး၊

**စာမျက်နှာ ၁၅ ကော်လံ ၄ သို့**